# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၀၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြေအောက်လမ်းကူး လူသွားဥမင် (Underpass) အဆောက်အဦဝင်ပေါက်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ပထမဆုံးသော မြေအောက်လမ်းကူး လူသွားဥမင်(Underpass) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

## ရန်ကုန်မြို့အတွင်း လူဦးရေနှင့် ပို့ဆောင်ဆက်သွယ်ရေးယာဉ်အရေအတွက် တိုးပွားလာလျက်ရှိပြီး လမ်းဧရိယာများကို တိုးချဲ့ရန်မဖြစ်နိုင်သည့်အတွက် နှစ်ထပ်လမ်းကြောင်းများ၊ မြေအောက်ဥမင်လမ်းကြောင်းများကို မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဟံသာဝတီအဝိုင်းအနီး ပြည်လမ်းမကြီးတွင် ဖောက်လုပ်ထားသည့် မြန်မာနိုင်ငံ၏ပထမဆုံးသော မြေအောက်လမ်းကူး လူသွားဥမင်(Underpass) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊

*စာမျက်နှာ ၃ ကော်လံ ၁* ■

# နိုင်ငံသားအခွင့်အရေးအတွက် ကိုယ်စီတာဝန်ကျေပွန်ဖို့လို

မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်တစ်ခု ကိုင်ဆောင်ထားကြရမည်။ ဤသည်မှာ မြန်မာနိုင်ငံတွင် နေထိုင်သော နိုင်ငံသားတစ်ဦးဖြစ်ကြောင်း သက်သေခံအထောက်အထားတစ်ခုဖြစ်သကဲ့သို့ နိုင်ငံသားအရည်အချင်းနှင့် ပြည့်စုံသော နိုင်ငံသားတစ်ဦးအတွက် အခွင့်အရေးတစ်ခုလည်းဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံတစ်ခု၏ နိုင်ငံသားတစ်ဦးအနေဖြင့် ခိုင်မာသောအထောက်အထားတစ်ခုကို ကိုင်ဆောင်ထားခြင်းက စည်းကမ်းနှင့်အညီ နေထိုင်ခြင်းလည်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မှတ်ပုံတင်မရှိဘဲ မဲပေးခဲ့ကြသူအရေအတွက် ၄ ဒသမ ၈၇ သန်းရှိခဲ့ရာ နိုင်ငံအတွက် အရေးကြီးသည့် ရွေးကောက်ပွဲအဖို့ ကြီးမားလှစွာသော ချို့ယွင်းချက်ဖြစ်သည်။ နိုင်ငံသား အရည်အချင်းပြည့်မီသည့် နိုင်ငံသားတစ်ဦးသည် နိုင်ငံသား (သို့မဟုတ်) ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူ စသည့် သက်သေခံကတ်တစ်ခုခုကို ဥပဒေနှင့်အညီ ကိုင်ဆောင်ထားရမည်ဖြစ်သလို မိသားစုတစ်စုအနေဖြင့်လည်း အိမ်ထောင်စုလူဦးရေ စာရင်းတစ်ခု ရှိရမည်ဖြစ်သည်။ မိမိကို မွေးဖွားရာဇာတိတွင် နေထိုင်သူဖြစ်စေ၊ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်သူဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့က ခိုင်မာသော အထောက်အထားများအဖြစ် လက်ဝယ်ရှိနေကြရမည်ဖြစ်သည်။ သို့ရာတွင် အကြောင်းကြောင်းတို့ကြောင့် မည်သည့်အထောက်အထားမျှမရှိဘဲ နေထိုင်နေကြသူများ များစွာရှိနေကြသည်။ ရုံးပြင်ကနားသွားရမည်ကို ကြောက်ရွံ့သောကြောင့်၊ ရုံးလုပ်ငန်းစဉ်များကို နားမလည်၍ ရှုပ်ထွေးနေသည်ဟု ထင်မြင်ယူဆမှုတို့ကြောင့်၊ လိုအပ်သည့် စာရွက်စာတမ်းများ မပြည့်စုံခြင်းကြောင့်၊ ဝန်ထမ်းအချို့၏ အများပြည်သူနှင့် ဆက်ဆံရေးအားနည်းချက်ကြောင့် စသည်ဖြင့် အကြောင်းများစွာတို့ကြောင့် မည်သည့်ကတ်ပြား၊ သက်သေခံအထောက်အထားကိုမျှ ကိုင်ဆောင်ခြင်း မရှိကြသူများကို တွေ့ရခြင်းဖြစ်သည်။

“နိုင်ငံသားအားလုံး နိုင်ငံသား မှတ်ပုံတင်ကတ်ပြားနှင့် အိမ်ထောင်စုဇယားများရရှိရန် အရေးကြီးကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုပေါင်း ၁၁ သန်းကျော်ရှိသည့်အနက် မှတ်ပုံတင်မရှိဘဲ ဆန္ဒမဲပေးခဲ့သူ လေးသန်းကျော်ခန့်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် အထွေထွေ ရွေးကောက်ပွဲသည် အရေးကြီးပြီး Free and Fair ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင် ကတ်ပြားများရရှိရေး၊ အိမ်ထောင်စုစာရင်းများ မှန်ကန်ရေး၊ လူဦးရေစာရင်း မှန်ကန်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးကဲ့သို့ လူဦးရေထူထပ်သလို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် ဒေသကြီးအတွင်းရှိ ပြည်သူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးကြရန်နှင့် တစ်ဆက်တည်းမှာပင် နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသားအရည်အချင်းပြည့်မီသည့် နိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြန်ဆုံးရရှိရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနိုင်ရန်လည်း တာဝန်ရှိသူများနှင့် နိုင်ငံသားပြည်သူများက ကြိုးပမ်းကြဖို့လိုသည်။

ပန်းခင်းစီမံချက်သည် ပြီးခဲ့သည့် မေလက စတင်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ပြီးစီးရမည်ဖြစ်ရာ ကျန်ရှိကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ ပြီးမြောက်ရန်လိုအပ်မည်ဖြစ်သည့်အလျောက် အများပြည်သူ လက်တွဲကူကြရန်လိုသည်။ ပန်းခင်းစီမံချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆီသို့ ဦးတည်ထားခြင်းဖြစ်ရာ ဒီမိုကရေစီနိုင်ငံသားပီသစွာဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ကာ နိုင်ငံသားအခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုယ်စီတာဝန်ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၇-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 2 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Symptomatic | | | | |
| 3 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 4 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 5 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 6 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 7 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 8 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 9 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 10 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်မိုးဝင်း ကို ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဆင်ပေါင်ဝဲမြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဇောင်ချမ်းတောင်ကျေးရွာအုပ်စု ဇောင်ချမ်းတောင် ကျေးရွာတွင် ကျေးရွာအတွင်းရှိ မိသားစုဝင်များအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ပုံစံ ၃ (က) ၂၄ ဦး၊ ပုံစံ ၆ (က) သုံးဦး၊ ပုံစံ ၃ (က) မှ ၆ (က) လဲလှယ်သူ ၂၇ ဦးနှင့် မိတ္တူ ၂၉ ဦး စုစုပေါင်း လူဦးရေ ၈၃ ဦး စသည်တို့ကို ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးကြောင်း သိရသည်။ **ချိုချိုဝင်း**



## ဘူးသီးတောင်မြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူ ၄၆၂ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ဘူးသီးတောင် အောက်တိုဘာ ၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စေတီတောင်ကျေးရွာရှိ တိုက်ပွဲရှောင်ပြည်သူ ၄၆၂ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက စေတီတောင်ကျေးရွာ စာသင်ကျောင်း၌ စုရပ်ထားရှိကာ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။ (ယာပုံ)



အဆိုပါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကိုမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများက စာရင်းများပြုစုခြင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆေးထိုးခြင်း မပြုမီ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင် တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ပေးကြကာ ပုံမှန်အခြေအနေရှိမှသာ ကာကွယ်ဆေးထိုးနှံပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံနေမှုများကို ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြေအောက်လမ်းကူး လူသွားဥမင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

"ပင်မဥမင်စုစုပေါင်းအလျား ၄၂၇ ပေရှိပြီး ဝင်ပေါက်၊ ထွက်ပေါက် လေးခုပါဝင်ကာ တစ်နာရီလျှင် လူဦးရေ ၆၀၀၀ ခန့် ဖြတ်သန်းသွားလာနိုင်၊ မြေအောက်လမ်းကူး လူသွားဥမင် (Underpass)အတွင်း ရွေ့လျားစက်လှေကား သုံးစင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အသုံးပြုရန် ဓာတ်လှေကား နှစ်စင်း ထည့်သွင်း တည်ဆောက်ထားပြီး ဈေးဆိုင်ခန်း စုစုပေါင်း ၁၈ ခန်း ထည့်သွင်းတည်ဆောက်ထား"

■ ရွှေဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြို့တော်ဝန်က မြေအောက်လမ်းကူး လူသွားဥမင် (Underpass) တည်ဆောက်ခဲ့သည့် အခြေအနေများနှင့် ပတ်သက်၍ တိုးတက်လာသည့် မြို့ပြစနစ်များအပေါ်တွင် အခြေခံ၍ ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန်နှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုကို ထိရောက်စွာကာကွယ်နိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည့် အခြေအနေ၊ စက်လှေကားများ၊ ဓာတ်လှေကားများ ထည့်သွင်းတည်ဆောက်ထားသဖြင့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက်လည်း အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည့်အခြေအနေ၊ ဈေးဆိုင်ခန်းများ ပါဝင်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းအချို့ရရှိစေမည်ဖြစ်ပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ် လုံခြုံစိတ်ချရသည့် လမ်းကူးအဆောက်အဦတစ်ခုအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် မြေအောက်လမ်းကူး လူသွားဥမင် (Underpass) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မြေအောက်လမ်းကူး



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က မြေအောက်လမ်းကူး လူသွားဥမင် (Underpass) အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

လူသွားဥမင် (Underpass) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မြေအောက်လမ်းကူး လူသွားဥမင် (Underpass) အဆောက်အဦဝင်ပေါက်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေအောက်လမ်းကူး လူသွားဥမင်အတွင်း လှည့်လည်ကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်မြို့အတွင်း လူဦးရေနှင့် ပို့ဆောင်ဆက်သွယ်ရေးယာဉ်အရေအတွက် တိုးပွားလာလျက်ရှိပြီး လမ်းဧရိယာများကို တိုးချဲ့ရန်မဖြစ်နိုင်သည့်အတွက် နှစ်ထပ်လမ်းကြောင်းများ၊ မြေအောက်ဥမင်လမ်းကြောင်းများကို မဖြစ်မနေ လုပ်ဆောင်ရန် လိုအပ်လာသည့်အခြေအနေ၊ ယခု မြေအောက်လမ်းကူး လူသွားဥမင်သည် မြေအောက်ရထားလမ်း အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများ၏ ကနဦး ခြေလှမ်းအစဖြစ်ပြီး ဆက်လက်လုပ်ဆောင်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးပြောကြားကာ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ အရေးပေါ်အခြေအနေ ကယ်ဆယ်ရေး၊ အသုံးပြုသွားလာသူများ၏ လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

**မြို့အင်္ဂါရပ်ပြယုဂ်တစ်ခုလည်းဖြစ်**

အဆိုပါ မြေအောက်လမ်းကူး လူသွားဥမင်သည် ဈေးဆိုင်ခန်းများပါဝင်သည့် မြေအောက်လမ်းကူး လူသွားဥမင် (Underpass) အမျိုးအစားဖြစ်ပြီး ပင်မဥမင်အမြင့် ၁၁ ပေ၊ အကျယ်ပေ ၄၀ ၊ မြေအောက်အနက် ၁၅ ပေ ၃ လက်မ ရှိကြောင်း၊ ပင်မဥမင်စုစုပေါင်းအလျား ၄၂၇ ပေရှိပြီး ဝင်ပေါက်၊ ထွက်ပေါက် လေးခုပါဝင်ကာ တစ်နာရီလျှင် လူဦးရေ ၆၀၀၀ ခန့်ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ မြေအောက်လမ်းကူး လူသွားဥမင်(Underpass) အတွင်း ရွေ့လျားစက်လှေကား သုံးစင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအသုံးပြုရန် ဓာတ်လှေကားနှစ်စင်း ထည့်သွင်းတည်ဆောက်ထားပြီး ဈေးဆိုင်ခန်း စုစုပေါင်း ၁၈ ခန်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ အရေးပေါ်အခြေအနေကယ်ဆယ်ရေး၊ လုံခြုံရေးဆိုင်ရာ sensor များ၊ ကင်မရာများ တပ်ဆင်ထားရှိပြီး ယနေ့ဖွင့်လှစ်သည့် မြေအောက်လမ်းကူး လူသွားဥမင်သည် အများပြည်သူအတွက် အကျိုးကျေးဇူး များစွာရရှိစေနိုင်မည့်အဆောက်အဦတစ်ခုဖြစ်သည်သာမက ရန်ကုန်မြို့၏ တိုးတက်လာသည့် မြို့အင်္ဂါရပ်ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများရရှိရေး၊ အိမ်ထောင်စုစာရင်းများမှန်ကန်ရေး၊ လူဦးရေစာရင်းမှန်ကန်ရေးတို့ကို ဆောင်ရွက်ရမည်

- **တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်ပြီး သွားလာမှု အဆင်ပြေကာ နည်းပညာအရလည်း ဖွံ့ဖြိုးတိုးတက်မှုရှိသဖြင့် ရန်ကုန်မြို့သည် လုပ်ငန်းများဆောင်ရွက်မှုနှင့် ပတ်သက်၍ လွန်စွာအဆင်ပြေသည့် မြို့တစ်မြို့ဖြစ်**
- **ရန်ကုန်မြို့သည် ပညာသင်ကြားရေးနှင့်ပတ်သက်၍ နိုင်ငံ၏ထိပ်တန်းနေရာတွင်ရှိပြီး လွတ်လပ်ရေးရရှိသည်မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံ၏ မြို့တော်အဖြစ် တည်ရှိခဲ့သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေအနေကောင်းများစွာရှိ**
- **ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် အခြားဒေသများထက် ပိုမိုကောင်းမွန်တိုးတက်အောင် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်**

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး ရန်ကုန်မြို့တော်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြည်ပသွင်းကုန်အစားထိုး

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ဆောင်ရွက်နေမှုအခြေအနေ၊ အခွန်ငွေကောက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ တိုင်းဒေသကြီး အတွင်း စိုက်ပျိုး/ မွေးမြူရေးဆိုင်ရာ၊ ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ၊ စက်မှုလုပ်ငန်းကဏ္ဍဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက် လျက်ရှိမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကုသရေးစင်တာများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိစေရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေ၊ သောက်သုံးရေ ဖူလုံစွာရရှိရေး၊ အနာဂတ်ရေပေးဝေရေးစီမံချက်နှင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းများမှ ပြည်တွင်းထုတ်ကုန်များထုတ်လုပ်၍ ပြည်ပသွင်းကုန် အစားထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်ဦးဗိုလ်ငွေးက ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကောင်းမွန်စေရေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလိုအပ်သည်များ ဖြည့်စွက် ရှင်းလင်း မှာကြားသည်။

### ရှင်းလင်းပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုလုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ကျေးလက်နေပြည်သူများစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်များရရှိရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးနှင့် ဓာတ်အားပြတ်တောက်မှုများ မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မီတာခများကောက်ခံရရှိရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှုအခြေအနေ၊ အမျိုးသားအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းပြောကြားကြသည်။

### Free and Fair ဖြစ်ရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံသားအားလုံး နိုင်ငံသား မှတ်ပုံတင်ကတ်ပြားနှင့် အိမ်ထောင်စုဇယားများရရှိရန် အရေးကြီးကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုပေါင်း ၁၁ သန်းကျော် ရှိသည့်အနက် မှတ်ပုံတင်မရှိဘဲ ဆန္ဒမဲပေးခဲ့သူ ၄ သန်းကျော်ခန့်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အရေးကြီးပြီး Free and Fair ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများရရှိရေး၊ အိမ်ထောင်စုစာရင်းများ မှန်ကန်ရေး၊ လူဦးရေစာရင်းမှန်ကန်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ပြီး နည်းပညာဖွံ့ဖြိုးမှုနှင့် လူသားအရင်းအမြစ်ကောင်းများ ပိုမိုပေါများသည့် ဒေသဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားလုံး နိုင်ငံသားမှတ်ပုံတင်ကတ်များ အမြန်ဆုံးရရှိရေး ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။ *စာမျက်နှာ ၅ သို့*

**“အခွန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ထိုက်သင့်သည့် အခွန်များပေးဆောင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် နိုင်ငံသားတိုင်း အခွန်ထမ်းလိုသည့်စိတ်များရှိရန်လိုကြောင်း၊ အချို့ပြည်သူများသည် လုပ်ငန်းများဆောင်ရွက်ကြသော်လည်း အခွန်ထမ်းခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ အခွန်ငွေများ ပြည့်ပြည့်ဝဝရရှိမှသာ နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်”**

*စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေအားဖြင့် ၇ ဒသမ ၈ သန်းကျော်ရှိပြီး နိုင်ငံလူဦးရေ၏ ၁၅ ရာခိုင်နှုန်းနီးပါးခန့် နေထိုင်လျက်ရှိကြောင်း၊ ၇ ဒသမ ၈ သန်းကျော်အနက် ကျေးလက်နေ လူဦးရေ ၂ ဒသမ ၅ သန်း ခန့်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နေလူဦးရေ ပိုမိုများပြားကြောင်း၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်ပြီး သွားလာမှုအဆင်ပြေကာ နည်းပညာအရလည်း ဖွံ့ဖြိုးတိုးတက်မှုရှိသဖြင့် ရန်ကုန်မြို့သည် လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ လွန်စွာအဆင်ပြေသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့သည် ပညာသင်ကြားရေးနှင့်ပတ်သက်၍ နိုင်ငံ၏ထိပ်တန်းနေရာတွင်ရှိပြီး လွတ်လပ်ရေးရရှိသည်မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံ၏မြို့တော်အဖြစ် တည်ရှိခဲ့သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေအနေကောင်းများစွာရှိကြောင်း။ ရေခံမြေခံကောင်းမွန်ပြီး ဖြစ်သဖြင့် အခြားဒေသများထက် ပိုမိုကောင်းမွန်တိုးတက်အောင် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

### အသိအမှတ်ပြုချီးကျူး

ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ တတိယလှိုင်းတွင် ဖြစ်ပွားမှုများ များပြားခဲ့သော်လည်း ယခုအခါ ကူးစက်မှုနှုန်းအနိမ့်ဆုံးနှင့် သေဆုံးမှုနှုန်း အနိမ့်ဆုံးသို့ရောက်ရှိနေပြီဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် မိမိတို့အနေဖြင့် အရေးပေါ်တုံ့ပြန်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ရောဂါကူးစက်မှုများ ကျဆင်းလာသည်ကိုဝမ်းမြောက်ဖွယ် တွေ့မြင်ရကြောင်း၊ ကာကွယ်ကုသရေးနှင့်ပတ်သက်၍ လိုအပ်သည့်အထောက်အကူပစ္စည်းများနှင့် ဆေးဝါးများ ပြည့်စုံစေရေးအတွက်လည်း စုဆောင်းထားရှိဆောင်ရွက်ခဲ့ကြောင်း၊ ထပ်မံဖြစ်ပွားလာနိုင်သော ကူးစက်မှုများအတွက်လည်း အဆိုးဆုံးအခြေအနေအထိ မျှော်တွေးပြီး အကောင်းဆုံးပြင်ဆင်ထားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကူးစက်မှုနှုန်းနည်းပါးလာခြင်းသည် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုများကြောင့်ပင်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် ရန်ကုန် မြို့နေပြည်သူများကို အသိအမှတ်ပြု ချီးကျူးပါကြောင်း။

### ထိန်းသိမ်းဆောင်ရွက်

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးရာသီကာလများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်သဖြင့် ရေမြောင်းများပိတ်ဆို့မှုမရှိစေရေးအတွက် စီမံဆောင်ရွက် လျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုများ၏ အဓိကအကြောင်းရင်းမှာ ရေမြောင်းများပိတ်ဆို့မှုကြောင့်ဖြစ်ပြီး ယခင်အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရခဲ့ကြောင်း၊မိမိတို့အစိုးရ တာဝန်ယူချိန် ယခုနှစ်မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှု ထိန်းနိုင်အောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ကြသည့် တာဝန်ရှိသူအသီးသီးကို အသိအမှတ်ပြုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ ကြသည့် ရန်ကုန်မြို့နေပြည်သူများကိုလည်း ချီးကျူးပါကြောင်း၊ သစ်ပင်များစိုက်ပျိုးပြီး အမှိုက်များ ကင်းစင်အောင်ပြုလုပ်ခြင်းဖြင့် Green City , Clean City ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအတွက် သန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် လေကောင်း လေသန့်များကို ရရှိစေမည်ဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာကြံ့ခိုင်မှုအတွက် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အားကစားသမားများများစွာပေါ်ထွန်းခဲ့ပြီး ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ လူများ၏ စားသောက်ရေးအတွက် ဈေးဆိုင်များဖွင့်လှစ်ကြပြီး ဈေးဆိုင်အများစုသည် လမ်းမများ၏ဘေးများတွင် တည်ရှိကြကြောင်း၊ အချို့ဈေးဆိုင်များ၏ ဆိုင်းဘုတ်များ၊ အမှိုက်များသည် လူအများ သွားလာလှုပ်ရှားလျက်ရှိသည့် လမ်းမများပေါ်သို့ ရောက်ရှိနေကြကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ Non Product Element များ လျှော့ချနိုင်မှသာ Green City, Clean City, Fair City ဖြစ်မည်ဖြစ်ပြီး နည်းပညာများနှင့် ပေါင်းစပ်၍ Smart City အဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း။

ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်၍ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အများစုသည် ရန်ကုန်မြို့တွင် အလုပ်အကိုင်အခွင့်အလမ်းများရှိသဖြင့် လာရောက်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်အကိုင်များ ရရှိအောင် စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်မြို့ပြ ကွာဟမှုကို လျှော့ချလျက်ရှိကြောင်း၊ သို့မှသာ ကျူးကျော်နေထိုင်သူများ၏ ပြဿနာများ ပြေလည်သွားမည်ဖြစ်ကြောင်း၊ ကျူးကျော်ပြဿနာများကို ဖြေရှင်းနိုင်ခြင်းဖြင့် မြို့သာယာလှပရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း။

### နည်းလမ်းရှာဖွေဆောင်ရွက်

အမှိုက်များစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ အမှိုက်စွန့်ပစ်သည့်စနစ်များ ကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ စွန့်ပစ်အမှိုက်များမှ Recycle ပြုလုပ်နိုင်ရန်အတွက် အမှိုက်စွန့်စနစ်များအား အမျိုးအစားအလိုက် ခွဲခြား ဆောင်ရွက်ရန်လိုကြောင်း၊ အမှိုက်များအား မီးရှို့ဖျက်ဆီးမှုများမှ တစ်ဆင့် စွမ်းအင်ထုတ်လုပ်ခြင်းနှင့် မြေသြဇာထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ရသဖြင့် Waste energy ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အားချွေတာရေးအတွက် မသုံးသင့်သည့်နေရာများတွင် မီးများအသုံးပြုမှုမရှိစေရေး စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ လျှပ်စစ်မီးသက်သာစေသည့် LED မီးများကို ပြောင်းလဲအသုံးပြုပါက လျှပ်စစ်ဓာတ်အားချွေတာမှုကို ဖြစ်ပေါ်စေသကဲ့သို့ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

### သမဝါယမစနစ်ကိုကျင့်သုံး

ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေးအဆင်ပြေစေရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ဆန်စပါးများမှ ဒေသတွင်း ဆန်ဖူလုံမှုရှိသော်လည်း တစ်ဧက တင်း ၁၀၀ အထက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေပိုရရှိကာ ဒေသစီးပွားရေး ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တပ်မတော် စိုက်ပျိုးမွေးမြူရေးဇုန်များမှလည်း ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါးနှင့် ကြက်ဥ၊ ဘဲဥများအား စဉ်ဆက်မပြတ်ထုတ်လုပ်၍ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဒေသတွင်း စားရေးဖူလုံအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသအတွင်း လည်ပတ်သုံးစွဲငွေများ များပြားလာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး လုပ်ငန်းများနှင့်ပတ်သက်၍ Agro Based Industries ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အခြားတိုင်းဒေသကြီး နှင့်ပြည်နယ်များထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရှိပြီးသားအခြေအနေကောင်းများကို အသုံးချ၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် သက်ဆိုင်ရာဌာနများအနေဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အကောင်အထည်ဖော်မည့် သမဝါယမလုပ်ငန်းသည် ပြည်သူများတိုက်ရိုက်ပါဝင်သည့် သမဝါယမစနစ်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံး၍ အောင်မြင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

အခွန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ထိုက်သင့်သည့် အခွန်များပေးဆောင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုကြောင်း၊ ဒီမိုကရေစီ နိုင်ငံတစ်ခုတွင် နိုင်ငံသားတိုင်း အခွန်ထမ်းလိုသည့် စိတ်များရှိရန်လိုကြောင်း၊ အချို့ပြည်သူများသည် လုပ်ငန်းများဆောင်ရွက်ကြသော်လည်း အခွန်ထမ်းခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ အခွန်ငွေများ ပြည့်ပြည့်ဝဝရရှိမှသာ နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

### အခြားကန့်သတ်ချက်များကိုလည်းဖြေလျှော့

ရန်ကုန်မြို့တွင် ရေလုံလောက်စွာရရှိရေးအတွက် ရှိပြီးသားရေအရင်းမြစ်များမှ သုံးစွဲမှုများအား စနစ်တကျဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေသွယ်တန်းမှုများမှ လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး စစ်ဆေးပြုပြင်ဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအရင်းမြစ်ဖြစ်သည့် မြစ်ချောင်းများ များစွာရှိပြီး စနစ်တကျဖြင့် အသုံးချကြရန်လိုကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၈ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် ပမာဏသို့ ကျဆင်းလာမည်ဆိုပါက Stay at Home သတ်မှတ်ထားမှုများဖြေလျှော့ခြင်းနှင့် ဖြေလျှော့၍ရသည့် အခြားကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကူးစက်မှုနှုန်းကျဆင်းလာစေရေးအတွက် တစ်ဦးချင်းကိုယ်စီ အသိစိတ်ဓာတ်ရှိစွာဖြင့် ထိန်းသိမ်းနေထိုင်ကြရန်နှင့် မိမိနေထိုင်ရသည့် ပတ်ဝန်းကျင်တွင်လည်း နေထိုင်မှုစည်းကမ်းစနစ်တကျရှိစေရေး ဝိုင်းဝန်းလုပ်ဆောင်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ တတိယလှိုင်းတွင် ဖြစ်ပွားမှုများ များပြားခဲ့သော်လည်း ယခုအခါ ကူးစက်မှုနှုန်းအနိမ့်ဆုံးနှင့် သေဆုံးမှုနှုန်း အနိမ့်ဆုံးသို့ရောက်ရှိနေပြီ ဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်း၍ ဆောင်ရွက်ကြရန်လို**
- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် မိမိတို့အနေဖြင့် အရေးပေါ်တုံ့ပြန်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ရောဂါကူးစက်မှုများ ကျဆင်းလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ Mother Industrial Co.,Ltd. သို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ Mother Industrial Co.,Ltd. စက်ရုံသို့ သွားရောက်လေ့လာကြည့်ရှုသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Mother Industrial Co., Ltd. စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

### နှစ်ရှည်ငှားရမ်းခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Mother Industrial Co.,Ltd. သို့ ရောက်ရှိကြပြီး စက်ရုံအစည်းအဝေးခန်းမတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှတ် (၂) အကြီးစား စက်မှုလုပ်ငန်းလက်အောက်ရှိ အုတ်ထုတ်လုပ်ရေးစက်ရုံ (တညင်းကုန်း) ရပ်ဆိုင်းခဲ့ရသည့် အခြေအနေများနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် အပေ့ါစားသဲကွန်ကရစ်တုံး ထုတ်လုပ်ရန်အတွက် စက်ရုံပိုင်မြေနေရာကို Mother Industrial Co.,Ltd. သို့ နှစ်ရှည်ငှားရမ်းခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရင်းနှီးမြှုပ်နှံ

ထို့နောက် Mother Industrial Co.,Ltd. မှ Managing Director ဦးစိုးရီ က စက်ရုံတည်ဆောက်မှုသမိုင်းအကျဉ်း၊ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်နိုင်သည့် အပေ့ါစား သဲကွန်ကရစ်တုံး(Autoclaved Aerated Concrete Block–AAC) နှင့် ဖိအားမြင့်ခံကွန်ကရစ်တုံး(Autoclaved Pressed Concrete Block–APC) ထုတ်လုပ်သည့်စက်ရုံအား ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ကုန်ကြမ်းစုဆောင်းခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ AAC နှင့် APC ကွန်ကရစ်တုံးများကို အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် အထွေထွေလိုအပ်ချက်များအား နိုင်ငံတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံများအား ငှားရမ်းစဉ် စက်မှုဝန်ကြီးဌာနမှ လုပ်ငန်းလိုအပ်ချက်အရ တွဲဖက်ထားသည့် ဝန်ထမ်းများသည် စည်းကမ်းနှင့်အညီ သက်ဆိုင်ရာလုပ်ငန်း၌ လိုက်ပါဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ငှားရမ်းထားသည့်လုပ်ငန်းအတိုင်းမဟုတ်ဘဲ လုပ်ငန်းပြောင်းလဲလုပ်ဆောင်မည်ဆိုပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC ၏ အတည်ပြုချက်နှင့် ခွင့်ပြုချက်များ ရယူရန်လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို အားပေးပါကြောင်း၊ စက်ရုံများအနေဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းထုတ်လုပ်ပေးနိုင်ရန် လိုအပ်ပြီး အောင်မြင်မှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

> **“တိုင်းရင်းသားပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို အားပေးပါကြောင်း၊ စက်ရုံများအနေဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းထုတ်လုပ်ပေးနိုင်ရန် လိုအပ်ပြီး အောင်မြင်မှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းမှာကြား”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Mother Industrial Co., Ltd. စက်ရုံမှ ထုတ်လုပ်ထားရှိသည့် ကွန်ကရစ်တုံးများ၏ ခံနိုင်ရည်စွမ်းရည်နှင့်ပတ်သက်၍ စမ်းသပ်ပြသထားရှိမှုအား ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် စက်ရုံမှထုတ်လုပ်ထားရှိသည့် AAC နှင့် APC ကွန်ကရစ်တုံးများ၏ ခံနိုင်ရည်စွမ်းရည်၊ အသုံးပြုနိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ စမ်းသပ်ပြသထားရှိမှုအား ကြည့်ရှုလေ့လာရာ Managing Director ဦးစိုးရီ ကလိုက်လံရှင်းလင်းပြသသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Mother Industrial Co., Ltd. စက်ရုံအတွင်း AAC နှင့် APC ကွန်ကရစ်တုံးများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် Physical Laboratory နှင့် Chemical Laboratory တို့အတွင်း အရည်အသွေးစမ်းသပ်စစ်ဆေးမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ Mother Industrial Co.,Ltd. ဥက္ကဋ္ဌ ဦးအောင်မြတ်၊ Managing Director ဦးစိုးရီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ရေးအတွက် ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် ကျိုက္ကဆံအားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## အောင်ဆန်းအားကစားပြိုင်ဝင်းသည် နှစ်ပေါင်း ၁၁၂ နှစ်ရှိပြီဖြစ်ပြီး ယခင်က အရှေ့တောင်အာရှတွင် အကောင်းဆုံးဖြစ်ခဲ့သည့် သမိုင်းဝင် အားကစားပြိုင်ဝင်းတစ်ခုဖြစ်

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်း အားကစားပြိုင်ဝင်းနှင့် တာမွေမြို့နယ်ရှိ ကျိုက္ကဆံ အားကစားကွင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**“အောင်ဆန်းအားကစားပြိုင်ဝင်းအား ၁၉၀၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မူလအမည်မှာ BAA (Burma Athletic Association Ground) ဖြစ်၊ လူစည်ကားသော ပြည်တွင်းအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာဆိုင်ရာ အားကစားပြိုင်ပွဲများအပြင် အထူးတလည် အမှတ်တရဖြစ်စေသော ပြပွဲဖြစ်သည့် ရေခဲပေါ်မှ အားလပ်ရက်နေ့ (Holiday on Ice) ခေါ် ရေခဲပြင် ပြပွဲကြီးအား ကျင်းပပြုလုပ်ခဲ့၊ ၁၉၅၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် မူလအမည် BAA (Burma Athletic Association Ground) အမည်မှ အောင်ဆန်း အားကစားပြိုင်ဝင်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့”**

### ပြန်လည်အဆင့်မြှင့်တင်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်းသို့ရောက်ရှိပြီး အားကစားပြိုင်ဝင်း ပြန်လည် အဆင့်မြှင့်တင်တည်ဆောက်ရေးအတွက် ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားဝင်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းအကျဉ်း၊ အဆောက်အဦများ ပျက်စီးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### နှစ်ပေါင်း ၁၁၂ နှစ်ရှိပြီ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်ဆန်းအားကစားပြိုင်ဝင်းသည် နှစ်ပေါင်း ၁၁၂ နှစ်ရှိပြီဖြစ်ပြီး ယခင်က အရှေ့တောင်အာရှတွင် အကောင်းဆုံးဖြစ်ခဲ့သည့် သမိုင်းဝင် အားကစားပြိုင်ဝင်းတစ်ခုဖြစ်ကြောင်း၊ အားကစားဝင်းအား ပြန်လည်အဆင့်မြှင့်တင် တည်ဆောက်ရာတွင် နိုင်ငံတကာ အဆင့်မီပွဲများ ကျင်းပနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာဉ်များ ရပ်နားရန်အတွက် နေရာများ၊ ပရိသတ်များ ဝင်ထွက်သွားလာမှု အဆင်ပြေစေရေးအတွက် ခုံးကျော်တံတားများနှင့် မြေအောက်လမ်းကူး လူသွားဥမင်များ၊ ဘတ်စ်ကားမှတ်တိုင်များ ထည့်သွင်းတည်ဆောက်ရန်လိုအပ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်ကာလတွင် လက်ရှိအားကစားကွင်း၌ လေ့ကျင့်ရေးဆောင်ရွက်နေသော အားကစားသမားများ အားကစားနည်းများအလိုက် လေ့ကျင့်ရေး ဆောင်ရွက်နိုင်ရန် နေရာများ ကြိုတင်စဉ်းစားဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

အဆိုပါအောင်ဆန်းအားကစားပြိုင်ဝင်းအား ၁၉၀၆ ခုနှစ်တွင် စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မူလအမည်မှာ BAA (Burma Athletic Association Ground) ဖြစ်ကြောင်း၊ လူစည်ကားသော ပြည်တွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာဆိုင်ရာ အားကစားပြိုင်ပွဲများအပြင် အထူးတလည် အမှတ်တရဖြစ်စေသော ပြပွဲဖြစ်သည့် ရေခဲပေါ်မှ အားလပ်ရက်နေ့ (Holiday on Ice) ခေါ် ရေခဲပြင် ပြပွဲကြီးအား ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် မူလအမည် BAA (Burma Athletic Association Ground) အမည်မှ အောင်ဆန်း အားကစားပြိုင်ဝင်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

### အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာမွေမြို့နယ်ရှိ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားရုံနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ကျိုက္ကဆံကွင်း) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းအလိုက် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည့် အခြေအနေ၊ အားကစားသမားများ အမှန်တကယ်လေ့ကျင့်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ပေးရန် လိုအပ်သည့် အခြေအနေနှင့် အမျိုးသားအားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုက္ကဆံအားကစားကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

## ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများ ရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး (၉) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၇**

အင်ဒိုနီးရှားသမ္မတနိုင်ငံ တရားရုံးချုပ်မှကြီးမှူး၍ (၉) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေး (The 9th Meeting of the Council of ASEAN Chief Justices) ကို ယနေ့ နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ပါဝင်တက်ရောက်သည်။




(၉) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပါဝင်တက်ရောက်စဉ်။

### အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ တရားရုံးချုပ်၊ တရားသူကြီးချုပ် The Hon. Muhammad Syarifuddin က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကား ပြောကြားကြသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအတွင်းရေးမှူးချုပ် H.E. Mr. Lim Jock Hoi လည်း တက်ရောက်၍ အမှာစကားပြောကြားသည်။

### ပါဝင်ဆွေးနွေး

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံ တရားသူကြီးချုပ်များ ကောင်စီ (CACJ) လုပ်ငန်းအဖွဲ့များဖြစ်ကြသည့် အာဆီယံတရားရေးသတင်းအချက်အလက်ပေါ်တယ် (ASEAN Judiciaries Portal)၊ အာဆီယံဒေသတွင်း တရားမမှုခင်း ဆင့်စာဆင့်ဆိုမှုလွယ်ကူစေရေး (Facilitating Service of Civil Processes within ASEAN)၊ မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့် တရားရုံးနည်းပညာအသုံးပြုမှု (Case Management and Court Technology)၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်း (Judicial Education and Training)၊ နိုင်ငံဖြတ်ကျော် ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ် အငြင်းပွားမှုများဖြေရှင်းရေး (Cross–Border Disputes Involving Children)၊ အာဆီယံနှင့် အခြားသော မိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်း (ASEAN + Meetings)၊ အနာဂတ်တွင် ကောင်စီ၏လုပ်ငန်းများ လေ့လာရေး (Study Group on Future Work of CACJ) စသည့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက တင်သွင်းလာသည့် အစီရင်ခံစာများအပေါ် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် အာဆီယံတရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ပါဝင်ဆွေးနွေးကြသည်။

### ဂျကာတာ ကြေညာချက် ထုတ်ပြန်

ထို့ပြင် ပြည်ထောင်စုတရားသူကြီးချုပ်သည် ယခင်နှစ် ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေးပြီးနောက် ကိုဗစ်–၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများ၊ ဖြေရှင်းမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးသည်။ ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာကြသည့် အာဆီယံတရားသူကြီးချုပ်များကောင်စီ အဖွဲ့ဝင်များသည် “ဂျာကာတာ ကြေညာချက် (Jakarta Declaration)” ကို အတည်ပြုထုတ်ပြန်ခဲ့ကြသည်။

အစည်းအဝေးသို့ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီနှင့် CACJ ၏ လုပ်ငန်းအဖွဲ့အသီးသီးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များက လေ့လာသူများအဖြစ် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့် ဆေးပစ္စည်းများ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီရှစ်ခုမှ အိမ်သုံးဆေးဝါး ၁၀၉ မျိုး ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ၃၉ ရက်မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံခေါင်းဆောင်များ သဘောတူညီခဲ့ကြသည့် တူညီဆန္ဒ(၅)ရပ်၏ စတုတ္ထအချက်ဖြစ်သည့် အာဆီယံမှ မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေး လုပ်ငန်းအကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

**အာဆီယံ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management –AHA Centre) က ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ ဒုတိယ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေးသို့ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အာဆီယံခေါင်းဆောင်များ သဘောတူညီခဲ့ကြသည့် တူညီဆန္ဒ(၅)ရပ်၏ စတုတ္ထအချက်ဖြစ်သည့် အာဆီယံမှ မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးလုပ်ငန်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပထမအဆင့်အဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့်တန်ဖိုးရှိ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာ ဆေးရုံကြီးများ၊ တိုင်းနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ Liquid Oxygen နှင့် ဆေးရုံသုံးပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဆက်လက်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ပစ္စည်းများဖြန့်ဖြူးရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ရန်ကုန်အခြေစိုက် အာဆီယံသံရုံးများမှ ကိုယ်စားလှယ်များ လိုက်ပါလျက် လှူဒါန်းလွှဲပြောင်းလျက်ရှိကြောင်း၊ ထပ်မံ၍ ပထမအသုတ်ပစ္စည်းများ ယခုနှစ်ကုန်ခန့်အထိ ဆက်လက်ရောက်ရှိလာမည်ဖြစ်၍ ပစ္စည်းများ ရောက်ရှိချိန်မှ ဖြန့်ဖြူးပြီးသည်အထိ ကော်မတီအဖွဲ့ဝင်များအနေဖြင့် အချိတ်ဆက်မိမိဖြင့် မိမိတို့ တာဝန်ယူရသည့် အပိုင်းများတွင် ကျရာတာဝန်များအား ဝိုင်းဝန်းကူညီပေးစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ အာဆီယံလူသားချင်း စာနာထောက်ထားမှုအကူအညီများကို (AHA Centre) မှတစ်ဆင့် ပေးအပ်နေသည့် အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူက ပစ္စည်းလက်ခံရရှိမှု၊ ခွဲဝေဖြန့်ဖြူးမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တာဝန်ရှိသူက ဒုတိယအဆင့် လှူဒါန်းမည့်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူများကို ဆန်အရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး စိုက်ပျိုးနည်းစနစ်များနှင့် မျိုးစပါးများကို ဖြန့်ဖြူးပေး

**နေပြည်တော် အောက်တိုဘာ ၇**



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ရဲမှူးကြီး ကိုကိုလွင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စက်မှုဇုန်အတွင်းနှင့် စက်မှုဇုန်အပြင်ရှိ ရွှင်ထိုက် ထရိတ်ဒင်းကုမ္ပဏီလီမိတက် ပလတ်စတစ်စက်ရုံ၊ MAYLP Agriculture Co.,Ltd စပါးအခြောက်ခံစက်လုပ်ငန်း၊ မြန်မာ ရွှေသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများသို့သွားရောက်၍ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား ရွှင်ထိုက်ထရိတ်ဒင်း ကုမ္ပဏီလီမိတက် ပလတ်စတစ်စက်ရုံမှ စက်ရုံပိုင်ရှင် ဒေါ်နှင်းဝေဝေအောင်က စက်ရုံအတွင်း ပလတ်စတစ် ရေသန့်ဘူးခွံလုပ်ငန်းများ လည်ပတ် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံ ဝန်ထမ်းများအတွက် နှာခေါင်းစည်းများ ပေးအပ်ကာ စက်ရုံလည်ပတ်နေမှုကို လှည့်လည် ကြည့်ရှုသည်။

ထို့နောက် MAYLP Agricu-lture Co.,Ltd စပါးအခြောက်ခံစက်လုပ်ငန်းသို့ ရောက်ရှိရာ General Manager ဒေါ်နန်းထက်ထက်လှိုင်က ကန်ထရိုက်လယ်ယာစနစ်ဖြင့် အရည်အသွေးမြင့် စပ်မျိုးစပါးများ၊ Quality Fragrance Rice စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စပါးအခြောက်ခံခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများကို ဆန်အရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး စိုက်ပျိုးနည်းစနစ်များနှင့် မျိုးစပါးများကို ဖြန့်ဖြူးပေးစေလိုကြောင်း၊ တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်အတွက် စိုက်ပျိုးရေး ပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး နှာခေါင်းစည်းများ ပေးအပ်ကာ စက်ရုံလည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ ရွှေသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းသို့ ရောက်ရှိရာ စက်ရုံမှ စက်ရုံပိုင်ရှင် ဦးတင်ချိုက သရက် (အခြောက်၊ ပျဉ်၊ အနှစ်)၊ ငှက်ပျောကြော်၊ နာနတ် (အခြောက်၊ စည်သွတ်)၊ ပဲစည်သွတ်ဘူးများ၊ အခြားသစ်သီးများနှင့် မှိုခြောက်၊ မှိုစည်သွတ်ဘူးများ ထုတ်လုပ်ရောင်းချနေမှုကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များ ထုတ်လုပ်ပြီး နိုင်ငံခြားဝင်ငွေများ ရရှိအောင် ဆောင်ရွက်စေလိုကြောင်း မှာကြားပြီး နှာခေါင်းစည်းများ ပေးအပ်ကာ စက်ရုံလည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

***❖ကျောဖုံးမှ***

တပ်မတော်လေယာဉ်ဖြင့် သယ်ယူရောက်ရှိလာရာ မြို့နယ်အလိုက် တာဝန်ရှိသူများက လက်ခံရရှိကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း အခြားမြို့နယ်အသီးသီးနှင့် ချင်းပြည်နယ် ပလက်ဝမြို့သို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကိုဦးတည်အုပ်စုလူဦးရေ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

# မွန်ပြည်နယ် ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံအတွင်း အောက်ဆီဂျင်စက်ရုံဖွင့်လှစ်



**နေပြည်တော် အောက်တိုဘာ ၇**
မွန်ပြည်နယ် ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံအတွင်း အောက်ဆီဂျင်စက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက အောက်ဆီဂျင်စက်ရုံအတွက် အောက်ဆီဂျင် လီတာ ၄၀ အိုး ၂၀ နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာနမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ (ယာယုံ)ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို စက်တင်ဘာ ၂ ရက်တွင် ပြည်နယ်အစိုးရနှင့် စေတနာရှင် အလှူရှင်များက စုပေါင်းတည်ဆောက်လှူဒါန်းခြင်းဖြစ်ပြီး တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး ၆၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချ
## ယနေ့ထိ စားအုန်းဆီပိသာ ၅၆၃၃၄၃၀ ၊
## တန်ချိန် ၉၂၀၅ တန် ရောင်းချခဲ့ပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၇**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိသာလျှင် လက်ကားဈေး ငွေကျပ် (၃၇၀၀ိ/-) နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီပိသာ ၅၆၃၃၄၃၀ ၊ တန်ချိန် ၉၂၀၅ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့ အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် (၂ ရာခိုင်နှုန်း) ထက်မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/ လက်ကားဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာ ဓမ္မာရုံရှေ့) အလုံမြို့နယ်၊ ဖုန်းအမှတ် ၀၉၄၄၄၄၃၇၂၉၅၊ ၀၉၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ၀၁၂၅၀၂၇၀၊ ၀၉၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**
အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ယင်းသို့ ထုတ်ပေးရာတွင် အောက်တိုဘာ ၇ ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီလေးခုမှ Elevaplus 1G Powder For Injection ၁၂၄၆၇ ခု၊ Fosbind Tablet အခု ၁၀၀၀၊ Immutil Tablet ၁၁၈၄ ခု၊ Escigress 5 mg Tablet အခု ၁၀၀၊ Gressami 200 Tablet အခု ၃၀၀၊ Sanbemerosan Powder For Injection အခု ၂၀၀၀၊ Pantocard Injection (Pantoprazole) အခု ၂၅၀၀၀။ ရန်ကုန်ဆိပ်ကမ်းများမှ Disposable Isolation Gown ၂၇၆ ခု၊ Mask အခု ၄၀၊ Oxygen Cylinder အခု ၂၁၉၀၊ Pressure Reducing Valve အခု ၂၁၉၀ နှင့် ဆေးဝါးမျိုးစုံ ၈၀ (၂၅၅၅၉၆.၈၂၆ Kg)။

နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီသုံးခုတို့မှ Protable Oxygen Concentrator လေးခု၊ Oxygen Cylinder အခု ၁၀၀၊ Mask ၄၀၀၀ Kg ၊ PPE အခု ၂၇၅၀၊ Oxygen Plant နှစ်ခု ၊ Trolley အခု ၁၅၀ တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာလ ၉ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူကြီးသူမများ၏ ပြောဆိုဆုံးမမှုကို လိုက်နာဆောင်ရွက်မှုကြောင့် ကြီးပွားချမ်းသာသွားသော မောင်လိမ္မာလေးအကြောင်းကို ပညာပေးတင်ဆက်ထားသည့် "မောင်လိမ္မာ" မျက်နှာဖုံးဇာတ်လမ်း၊ ကလေးတို့အနေဖြင့် မိမိတို့၏ အသုံးအဆောင်ပစ္စည်းများကို နေရာဒေသအလိုက် အကျိုးရှိရှိသုံးစွဲသင့်ပုံကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "မနှင်းပွင့်နှင့် မိတ်ဆွေလေးများ" သုတဆောင်းပါး၊ မိခင်လုပ်ခိုင်းသော အလုပ်များသည် များပြားလှသောကြောင့် ဖုန်းဖြင့်ပင် မှတ်သားထားရပုံကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် "အမေနဲ့သားသား" နှစ်မျက်နှာ ကာတွန်း၊ ကောမစ်ရေးဆွဲနေကြသော ဖိုးဇော်တို့အကြောင်းကို ဟာသဖြစ်ဖွယ်ရေးဖွဲ့ထားသည့် "ကိုယ်ပွား" နှစ်မျက်နှာ ကာတွန်း၊ မိမိအားသင်ကြားပြသပေးသော သင်ဆရာများနှင့် အတုယူဆောင်ရွက်ရသည့် မြင်ဆရာတို့၏ ကျေးဇူးတရားများကို အမြဲသတိရ အောက်မေ့နေရမည်ဖြစ်ကြောင်းကို ပန်းချီကားထဲရှိ ရုပ်ပုံကိုအတုယူ၍ သမင်ရုပ်တုလုပ်နေသော မောင်ကံကောင်းလေးကို သူ့အဖေ၏ ဆုံးမစကားဖြင့် တင်ဆက်ထားသည့် "ပန်းပုဆရာကြီး" နှစ်မျက်နှာကာတွန်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြီး အမြန်ပြီးဆုံးကာ မိမိတို့၏ ဆွေမျိုးမိတ်ဆွေများရှိရာ နေရာဒေသများသို့ သွားရောက်လည်ပတ်လိုသော ကလေးများ၏ စိတ်ဆန္ဒကို ပေါ်လွင်အောင်ရေးဖွဲ့ထားသည့် "အလိုချင်ဆုံးဆု" ဝတ္ထု၊ မျိုးနွယ်တူ အပေါင်းအသင်းများထဲမှ ကောက်ကျစ်သော အကြံအစည်ဖြင့် ခွဲထွက်ခဲ့သော ဝံပုလွေ၏ ဒုက္ခရောက်ရပုံကို တင်ဆက်ထားသည့် "မိုက်မဲသော ဝံပုလွေ" ပုံပြင်၊ နာမ်စား(Pronoun) များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ရွှေသွေးတို့ လက်ရာကဏ္ဍ၊ ဥာဏ်စမ်းနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်



# ငွေကြေးလိမ်လည်ခံရမှုကြောင့် နေရပ်သို့ပြန်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား သုံးဦးကို နိုင်ငံတော်အစိုးရ၏ အကူအညီဖြင့် ထပ်မံခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၇**
ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာနိုင်ရန် အခက်အခဲဖြစ်ပေါ်နေသည့် နိုင်ငံသားများအား ၎င်းတို့နေရပ်သို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေးအတွက် လိုအပ်သည့်ကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ လူမှုကူညီရေးအသင်းအဖွဲ့များမှတစ်ဆင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးသို့ စက်တင်ဘာ ၁၃ ရက်တွင် ဆက်သွယ်လာခဲ့သည့် မြန်မာနိုင်ငံသား ခြောက်ဦးအနက် သုံးဦးကို စက်တင်ဘာ ၂၉ ရက်တွင် မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပြီး ပြန်လည်ရောက်ရှိရန် ကျန်ရှိသည့် သုံးဦးကို ယနေ့တွင် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သုံးဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် မလေးရှားနိုင်ငံမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် စစ်ဆေးခြင်းများ ပြုလုပ်ပြီး ယနေ့မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI)၏ ကယ်ဆယ်ရေးလေယာဉ် (Relief Flight)ဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ညနေ ၄ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။

အလားတူ ငွေကြေးလိမ်လည်ခံခဲ့ရသည့် မြန်မာနိုင်ငံသား ၁၇ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးတို့မှ တာဝန်ရှိသူများ၏ ကူညီဆောင်ရွက်ပေးမှုများကြောင့် စက်တင်ဘာ ၆ ရက်နှင့် ၂၀ ရက်တို့တွင် အသုတ်လိုက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်သည်။



နိုင်ငံတော်အစိုးရအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် အခက်အခဲရှိနေသူများကို လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ပြန်လည်ရောက်ရှိရန် အခက်အခဲဖြစ်ပေါ်နေသူများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံအလိုက်ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ဈေးရောင်းမော်တော်ယာဉ်နှစ်စီးဖြင့် ဝန်ထမ်းအိမ်ရာများအရောက် မီးဖိုချောင်သုံးစားသောက်ကုန်ပစ္စည်းများ လှည့်လည်ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၇**
နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ကြသော ဝန်ထမ်းမိသားစုများနှင့် လူပျို/အပျိုဆောင်များတွင် နေထိုင်ကြသည့်ဝန်ထမ်းများ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း ဈေးအသီးသီးသို့ သွားရောက်ဝယ်ယူရန်မလိုဘဲ အိမ်ရာများတွင် လွယ်ကူအဆင်ပြေ ချောမွေ့စွာ ဝယ်ယူနိုင်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ဈေးရောင်းမော်တော်ယာဉ် နှစ်စီးဖြင့် ဝန်ထမ်းအိမ်ရာများ အရောက် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ ကုန်ခြောက်နှင့် သား/ငါးများကို သင့်တော်သော ဈေးနှုန်း၊ အလေးချိန်ခွင် ပြည့်မီမှန်ကန်စွာဖြင့် နေ့စဉ်လှည့်လည်ရောင်းချပေးလျက်ရှိသည်။



ဈေးရောင်း မော်တော်ယာဉ်များဖြင့် ခနသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ နေပြည်တော် စည်ပင်အိမ်ရာ၊ ဇမ္ဗူသီရိဆေးရုံအိမ်ရာနှင့် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်အိမ်ရာများသို့ လည်းကောင်း၊ သုခသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ၊ ခရေအိမ်ရာ၊ သဇင်ဆောင်နှင့် သပြေဆောင်များသို့လည်းကောင်း အလှည့်ကျစနစ်ဖြင့် နေ့စဉ် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံအားကစားပြိုင်ပွဲကို ထပ်မံရွှေ့ဆိုင်းရန် စီစဉ်နေ

**ရန်ကုန် အောက်တိုဘာ ၇**
ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ်သို့ ထပ်မံရွှေ့ဆိုင်းရန် စီစဉ်လျက်ရှိသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ထိုင်းနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မတ်လတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသော်လည်း လာမည့်နှစ်တွင် အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများစွာ ကျင်းပရန်ရှိနေခြင်းနှင့် ရွှေ့ဆိုင်းထားသည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မေလတွင်ကျင်းပရန် လျာထားခြင်းတို့ကြောင့် ၂၀၂၃ ခုနှစ်သို့ ထပ်မံရွှေ့ဆိုင်းရန် စီစဉ်နေခြင်းဖြစ်သည်။ အာရှအိုလံပစ်ကောင်စီနှင့် အိမ်ရှင်ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီတို့အနေဖြင့် အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲ ထပ်မံရွှေ့ဆိုင်းခြင်းရှိမရှိ ယခုလအတွင်း အတည်ပြု ကြေညာဖွယ် ရှိနေသည်။ အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲကို ယခင်က အာရှရုံတွင်း အားကစားပြိုင်ပွဲနှင့် အာရှကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲဟူ၍ သီးခြားစီ ကျင်းပခဲ့သော်လည်း ၂၀၁၃ ခုနှစ်မှစတင်ကာ ပြိုင်ပွဲနှစ်ခုကို တစ်ပေါင်းတည်းကျင်းပခဲ့ခြင်း ဖြစ်သည်။ အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲအဖြစ် ၂၀၁၃၊ ၂၀၁၇ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး ၂၀၂၁ ပြိုင်ပွဲကို ကပ်ရောဂါကြောင့် မကျင်းပနိုင်သေးခြင်း ဖြစ်သည်။ အာရှရုံတွင်း အားကစားပြိုင်ပွဲအဖြစ် ၂၀၀၅၊ ၂၀၀၇၊ ၂၀၀၉ ခုနှစ်တို့တွင် သုံးကြိမ်ကျင်းပခဲ့ပြီး အာရှကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲကိုမူ ၂၀၀၉ ခုနှစ်တွင် တစ်ကြိမ်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲတစ်လျှောက် ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ်လေးခု ရရှိထားကြောင်း မှတ်တမ်းများအရ သိရသည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် လာမည့် အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ယှဉ်ပြိုင်မည့် အားကစားနည်းများ ရွေးချယ်ရခြင်း မရှိသေးပေ။ အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှစ၍ လေးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး ပုံမှန်အရ ယခုနှစ်တွင် ကျင်းပရမည် ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။

**ရဲရင့်လွင်**

*●ကျော်ဖုံးမှ*

အီတလီအသင်းအတွက် သွင်းဂိုးကို ပယ်လီဂရီနီက သွင်းယူပေးခဲ့သည်။

အီတလီအသင်းသည် ယနေ့ပွဲစဉ်တွင် စပိန်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် နေးရှင်းလိဂ်ဗိုလ်လုပွဲစဉ်နှင့် လွဲချော်ခဲ့ရသလို ၃၇ ပွဲဆက် ရှုံးပွဲမရှိ စံချိန်မှတ်တမ်းကောင်းလည်း ကျိုးပျက်ခဲ့ရသည်။ စပိန်အသင်းအနေဖြင့် ဇူလိုင် ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်၌ အီတလီအသင်းအား ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်မှုကို ယခုနေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပြန်ဆပ်နိုင်ခဲ့သည်။

ချီယေဆာ၊ ဘာနာဒက်စ်ချီ၊ အင်ဆစ်ဂနီတို့ ဦးဆောင်ပွဲထွက်လာသည့် အီတလီအသင်းသည် အိုယာဇာဘယ်၊ တောရက်စ်၊ ဆာရာဘီယာတို့ ဦးဆောင်ပွဲထွက်လာသည့် စပိန်အသင်းကို အသာရရှိရေး ကြိုးစားလာခဲ့သော်လည်း အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းတွင် လိုအပ်ချက်ရှိနေသည့်အတွက် ရှုံးပွဲနှင့် ကြုံတွေ့ကာ ဗိုလ်လုပွဲစဉ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းက ယနေ့ပွဲစဉ်တွင် အီတလီအသင်းထက် သာလွန်သည့် ကစားဟန်၊ အနိုင်ရရှိလိုသည့် စိတ်ဓာတ်တို့ကို ထုတ်ပြနိုင်ခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် စပိန်အသင်းတွင် စုဖွဲ့မှုအားကောင်းမွန်သည့်အတွက် အသင်းလိုက် စွမ်းဆောင်ရည်ပိုင်းတွင်လည်း အီတလီအသင်းထက် အသာရခဲ့သည်။ ထို့ကြောင့် စပိန်အသင်းသည် ပွဲချိန်အများစုကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။

ပွဲချိန် ၁၇ မိနစ်တွင် စပိန်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး အိုယာဇာဘယ်၏ ဖန်တီးမှုမှတစ်ဆင့် တောရက်စ်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၄၂ မိနစ်တွင် အီတလီအသင်းမှ ဘိုနူချီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် နစ်နာခဲ့ရသည်။ ထို့ကြောင့် အီတလီအသင်းသည် လက်ကျန်မိနစ်များကို တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် စပိန်အသင်း ဒုတိယဂိုးရရှိကာ အိုယာဇာဘယ်၏ ဖန်တီးမှုမှတစ်ဆင့် တောရက်စ်ကပင် သွင်းယူပေးနိုင်ခဲ့သည်။ စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးခဲ့သော ဖာရန်တောရက်စ်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်နောက်ပိုင်း စပိန်အသင်းအတွက် သွင်းဂိုး ၁၁ ဂိုး အထိ ရှိလာပြီဖြစ်သည်။ အီတလီအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ချီယေဆာ၏ ဖန်တီးမှုမှတစ်ဆင့် ပယ်လီဂရီနီက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော အီတလီအသင်းသည် တနင်္ဂနွေနေ့တွင် ဘယ်လ်ဂျီယံနှင့် ပြင်သစ်အသင်းတို့ထဲမှ ရှုံးနိမ့်သည့်အသင်းနှင့် တတိယနေရာအတွက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ စပိန်အသင်းက ဘယ်လ်ဂျီယံနှင့် ပြင်သစ်အသင်းတို့ထဲမှ အနိုင်ရရှိသည့်အသင်းနှင့် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံး ပျောက်ကွယ်မှုနှင့် မြေဆီလွှာအရည်အသွေးကျဆင်းမှုစသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို တိုက်ဖျက်နိုင်ရေးအတွက်လည်း ပညာရေးသည် စွမ်းအားကောင်းသည့် အင်အားတစ်ရပ်ဖြစ်

နေပြည်တော် အောက်တိုဘာ ၇

**SEAMEO BIOTROP ၏ (၅၉)ကြိမ်မြောက် အုပ်ချုပ်ရေးဘုတ်အဖွဲ့အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါမြို့ IPB အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ Virtual Online ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ SEAMEO BIOTROP ၏ ဘုတ်အဖွဲ့ဝင်ဖြစ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့် တက်ရောက်ခဲ့သည်။**




အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ သုတေသနနှင့် နည်းပညာဝန်ကြီးဌာနမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာ Ir. Suharti က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပညာရေးသည် အင်ဒိုနီးရှားအစိုးရ၏ အဓိက ဦးစားပေးတစ်ခုဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံး ပျောက်ကွယ်မှုနှင့် မြေဆီလွှာအရည်အသွေးကျဆင်းမှု စသည့်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို တိုက်ဖျက်နိုင်ရေးအတွက်လည်း ပညာရေးသည် စွမ်းအားကောင်းသည့် အင်အားတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းစိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်ရေးအတွက် အင်ဒိုနီးရှားအစိုးရအနေဖြင့် SEAMEO BIOTROP ကို ပိုမိုထောက်ပံ့ပေးလျက် ရှိကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဘုတ်အဖွဲ့ဝင်များ၊ ဘိုဂေါမြို့ ဒုတိယမြို့တော်ဝန်၊ SEAMEO အဖွဲ့ဝင်နိုင်ငံများ၏ အင်ဒိုနီးရှားဆိုင်ရာသံရုံးများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ SEAMEO အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ SEAMEO BIO-TROP မှ ပညာရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ (၅၉) ကြိမ်မြောက် အုပ်ချုပ်ရေး ဘုတ်အဖွဲ့အစည်းအဝေးတွင် အကြောင်းအရာ ၁၄ ခုနှင့် ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး ယခင်အစည်းအဝေးများတွင် ဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ ၂၀၂၀-၂၀၂၁ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာမူကြမ်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာများ၊ လာမည့် သုံးနှစ် (၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ) အတွက် ဘတ်ဂျက်ဆိုင်ရာ အဆိုပြုများ၊ ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများနှင့် သင်တန်းများ၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ SEAMEO BIO-TROP ၏ ကဒ္ဒသမ ငါးနှစ်စီမံကိန်း၊ SEAMEO BIOTROP ၏ ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းရေး အဆိုပြုချက်များ စသည်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရေဝတီတိုင်းဒေသကြီးအတွင်း ကျောင်းသား၊ ကျောင်းသူ နှစ်သိန်းလေးသောင်းကျော်ကို ဆေးထိုးနှံပေးဖို့ရှိပါတယ်

ညွှန်ကြားရေးမှူး ဦးမင်းကို

**အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်နှင့်ပတ်သက်၍ ရေဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။**

**မေး ။ ။ ရေဝတီတိုင်းဒေသကြီး အတွင်းမှာ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်နှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ စီမံဆောင်ရွက်နေတဲ့ အခြေအနေကို သိပါရစေ။**

**ဦးမင်းကို ညွှန်ကြားရေးမှူး** ။ ။ ကျွန်တော်တို့ ရေဝတီတိုင်းဒေသကြီး အတွင်းမှာ အောက်တိုဘာလအတွင်း အသက် ၁၂ နှစ်နဲ့အထက် အခြေခံပညာကျောင်းများက ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးဖို့အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရေဝတီတိုင်းဒေသကြီးအတွင်းမှာ အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ ဘကကျောင်းများနဲ့ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား၊ ကျောင်းသူပေါင်း နှစ်သိန်းလေးသောင်းကျော်ကို ဆေးထိုးနှံပေးဖို့ရှိပါတယ်။ ဆေးထိုးနှံဖို့အတွက် အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်းနဲ့ ကျေးလက် ကျန်းမာရေးဌာနခွဲများမှ လျာထားစုရပ်နေရာ ၃၁၃ နေရာလျာထားပါတယ်။ နောက်ပြီး ဆေးထိုးမယ့်အဖွဲ့ကိုလည်း ခရိုင်နဲ့မြို့နယ်များမှာ ဆေးထိုးအဖွဲ့ ၂၄၀ နဲ့ ရေလမ်းခရီးနဲ့ တစ်ခြားဝေးလံတဲ့ နေရာတွေမှာ ခရိုင်/မြို့နယ် ကျန်းမာရေးဌာနတွေက မသွားရောက်နိုင်တဲ့ နေရာများကို တပ်မတော်က ဆေးထိုးအဖွဲ့ ၁၃ ဖွဲ့က ပူးပေါင်းပြီး စုစုပေါင်း ဆေးထိုးအဖွဲ့ ၂၅၆ ဖွဲ့နဲ့ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအားလုံးကို ပြည့်ပြည့်ဝဝ အချိန်နဲ့တစ်ပြေးညီ ဆေးထိုးနှံပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကျန်းမာရေးဌာနအနေနဲ့ အသက် ၁၂နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမည့် ဆေးအမျိုးအစားကို ရှင်းပြပေးပါရှင့်။**

**ဒေါက်တာ ဇော်မင်းထွန်း ကုသရေးနှင့်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး** ။ ။ အသက် ၁၂ နှစ်ပြည့်ပြီး ကျောင်းသူ၊ ကျောင်းသားတွေကို ထိုးနှံပေးမယ့်ဆေးကတော့ Sinovac vaccine ကာကွယ်ဆေး ဖြစ်ပါတယ်။ အရင်တုန်းကတော့ ဒီဆေးကို စက်မှုလက်မှုလုပ်ငန်းတွေနဲ့ အလုပ်ရုံတွေမှာ စပြီးတော့ ထိုးနှံပေးခဲ့ပါတယ်။ ဒီဆေးက နိုင်ငံတကာမှာလည်း သုံးနှစ်အထက်ကနေစပြီးတော့ ၁၈ နှစ်အထိ ကလေးတွေမှာ စိတ်ချလက်ချ ထိုးနှံနိုင်ကြောင်း သုတေသနအထောက်အထား



ဦးမင်းကို



ဒေါက်တာ ဇော်မင်းထွန်း



ဦးတင်လှိုင်



ဒေါ်ချစ်မွန်

တွေရှိပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ကျောင်းတွေပြန်ဖွင့်ခဲ့မယ်ဆိုရင် ကျောင်းသူ၊ ကျောင်းသားတွေအတွင်း ကူးစက်မှုလျော့ကျရေး၊ ကလေးမိဘတွေအနေနဲ့ ကျောင်းတွေကို ကိုယ့်ကလေးတွေကို စိတ်ချလက်ချလွှတ်နိုင်ဖို့ရယ်၊ နောက်တစ်ချက်က ကျောင်းသူ၊ ကျောင်းသားတွေ ကျောင်းကိုလာတက်ကြပြီး အိမ်ကိုပြန်ကြမယ်။ အဲ့ဒီအခါ အိမ်တွေမှာရှိတဲ့ သက်ကြီးရွယ်အိုတွေနဲ့ ထိတွေ့မှုဖြစ်ပြီးတော့ သက်ကြီးရွယ်အိုတွေမှာ အန္တရာယ်မဖြစ်အောင် ရည်ရွယ်ထားရှိပြီး အချိန်မီ ထိုးနှံပေးဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ စီစဉ်ထားတာကတော့ လေးပတ်ခြားပြီးရင် နှစ်ခါရအောင်ထိုးပါမယ်။

**မေး ။ ။ ပညာရေးဌာနအနေနဲ့ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာကျောင်းသား၊ ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ဖို့အတွက် စာရင်းပြုစုဆောင်ရွက်နေမှုလေး ပြောပြပေးပါရှင့်။**

**ဦးတင်လှိုင် ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်** ။ ။ တိုင်းဒေသကြီးအတွင်းမှာ အခြေခံပညာ အလယ်တန်း၊ အထက်တန်းကျောင်းများက ကျောင်းသား၊ ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ဖို့နဲ့ ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအနေနဲ့ အထက်တန်း၊ အလယ်တန်း ကျောင်းသားပေါင်း နှစ်သိန်းသုံးသောင်းကျော်ကို အောက်တိုဘာလအတွင်းမှာ ကာကွယ်ဆေး အပြီးထိုးနှံနိုင်ဖို့ စီမံဆောင်ရွက်နေပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကို ကာကွယ်ဆေး ထိုးနှံနိုင်ဖို့အတွက် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာ ကျောင်းအသီးသီးမှာရှိတဲ့ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများနဲ့ ပူးပေါင်းပြီးတော့ ကာကွယ်ဆေးထိုးနှံနိုင်ရေး အသိပေးလှုံ့ဆော် ဆွေးနွေးပြီး အကြောင်းကြားခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ကလေးတွေအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် အသက် ၁၂ နှစ်နှင့် ၁၈ နှစ်ကြား ကျောင်းသား၊ ကျောင်းသူတွေကို ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးနိုင်ဖို့အတွက် ကျောင်းသားမိဘများကလည်း ဒီဆေးထိုးခြင်းလုပ်ငန်းမှာ ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

**မေး ။ ။ အခြေခံပညာကျောင်းတွေမှာ အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား၊ ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမယ်ဆိုတာ သိပါသလား။ ကာကွယ်ဆေး ထိုးနှံပေးတာနဲ့ပတ်သက်ပြီး ရင်တွင်း ခံစားချက်ကို ပြောပြပေးပါရှင့်။**

**ဒေါ်ချစ်မွန် (ကျောင်းသားမိဘ)** ။ ။ ကျွန်မကတော့ ဒေါ်ချစ်မွန် ဖြစ်ပါတယ်။ ပုသိမ်မြို့ အကောက်ဆိပ်လမ်းမကြီး၊ ကမ်းနားလမ်းမှာ နေပါတယ်။ ကျွန်မကတော့ အ.ထ.က ၂၊ နဝမတန်းမှာ ပညာသင်ကြားနေတဲ့ မချမ်းမြေ့နိုင်ရဲ့ မိခင်ဖြစ်ပါတယ်။ ကျောင်းကနေကလေးကို ကိုဗစ်ကာကွယ် ဆေးထိုးရမယ်လို့ စာရင်းကောက်ယူပါတယ်။ ကိုယ်တိုင်လည်း ကာကွယ်ဆေးထိုးပြီးဖြစ်တယ်။ ကလေးတွေကိုလည်း ကာကွယ်ဆေးထိုးပေးမယ်ဆိုတော့ မိဘအနေနဲ့ ဝမ်းသာမိပါတယ်။ ကာကွယ်ဆေးဆိုတာ ရောဂါမကူးစက်အောင် ကြိုတင်ကာကွယ်တာဖြစ်လို့ စီစဉ်ပေးတဲ့သူများကို ကျေးဇူး တင်ပါကြောင်း ပြောကြားလိုပါတယ်ရှင်။ **ခင်စန္ဒာဆွေ(ပြန်/ဆက်)**

# ဖိလစ်ပိုင်ဒုတိယသမ္မတ ၂၀၂၂ တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

**မနီလာ အောက်တိုဘာ ၇**

ဖိလစ်ပိုင်ဒုတိယသမ္မတ မာရီယာ လီယိုနော် ရိုဘရီဒို သည် ၂၀၂၂ မေလတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တရားဝင်ကြေညာပြီးနောက် အောက်တိုဘာ ၇ ရက်၌ သမ္မတရွေးကောက်ပွဲအတွက် စာရင်းသွင်းလိုက်ပြီဖြစ်သည်။

အသက် ၅၆ နှစ်ရှိ ရိုဘရီဒိုသည် သမီးဖြစ်သူနှင့်အတူ ၎င်း၏ သမ္မတရွေးကောက်ပွဲဝင်မည့် တရားဝင်အထောက်အထားကို ရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းခဲ့သည်။ သို့သော်လည်း ၎င်း၏ပြိုင်ဘက်မည်သူမည်ဝါဖြစ်ကြောင်း မီဒီယာသို့ဖွင့်ဟပြောဆိုခဲ့ခြင်းမရှိကြောင်း သိရသည်။

အစောပိုင်းက ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ရိုဘရီဒိုက မိမိတို့ ယှဉ်ပြိုင်ရန်းကန်တိုက်ခိုက်အနိုင်ယူရမည်ဖြစ်ကြောင်း၊ ၂၀၂၂ ရွေးကောက်ပွဲတွင် သမ္မတလောင်းတစ်ဦးအဖြစ် မိမိကိုယ်မိမိ သတ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။

ရိုဘရီဒိုသည် သမ္မတ ရိုဒရီဂိုဒူတာတေးကို မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းမှုတွင် အာဏာအလွန်အကျွံသုံးစွဲခဲ့သည်ဟုဆိုကာ ဝေဖန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတနှင့် ဒုတိယသမ္မတတို့ကို သီးခြားရွေးကောက်တင်မြှောက်ကြသည့်အတွက် တစ်ဦးနှင့်တစ်ဦး မတူသောအမြင်များ ရှိနိုင်သည်။




၂၀၂၂ မေလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ဖိလစ်ပိုင်ဒုတိယသမ္မတ မာရီယာ လီယိုနော် ရိုဘရီဒို။

သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အောက်တိုဘာ ၆ ရက်က ရွေးကောက်ပွဲသို့အမည်စာရင်းတင်သွင်းခဲ့ပြီးသော လွှတ်တော်အမတ်ဟောင်းနှင့် ယခင်အာဏာရှင်ဟောင်း၏ သားဖြစ်သူ ဂျူနီယာဖာဒီနန်မာကော့စ်သည် ဒူတာတေးအစိုးရအဖွဲ့အပေါ် ပြစ်တင်ဝေဖန်မှုများကို ရှောင်ကြဉ်ထိန်းသိမ်းခဲ့သည်။

ဒူတာတေးသည် မာကော့စ်မိသားစုနှင့် ရင်းနှီးသောဆက်ဆံရေးရှိသည်ဟု ယုံကြည်ထားသည်။ ဒူတာတေး၏ဖခင်သည် ၁၉၆၀ ပြည့်လွန်နှစ်များက မာကော့စ်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒူတာတေးသည် နိုင်ငံရေးမှ အနားယူတော့မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။

၎င်း၏သမီးကြီး ဆာရာဒူတာတေးသည် အလားအလာရှိသော သမ္မတလောင်းတစ်ဦးဖြစ်သည်။ သူသည် လတ်တလောတွင် ဒါဗိုမြို့တော်ဝန်ဖြစ်သည်။

ဂန္ထဝင် လက်ဝှေ့အကျော်အမော်ဟောင်းနှင့် လွှတ်တော်အမတ်ဖြစ်သူ မန်နီပက်ကွီရိုနှင့် မနီလာမြို့တော်ဝန် ဖရစ်စစ္စကို ဒိုမန်ဂိုဆိုတို့သည်လည်း သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သမ္မတရွေးကောက်ပွဲအတွက် စာရင်းပေးသွင်းမှုကို အောက်တိုဘာ ၈ ရက်တွင် ပိတ်မည်ဖြစ်သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

## ဂျပန်ဝန်ကြီးချုပ်နှင့် ရုရှားသမ္မတ ပူတင်တို့ ငြိမ်းချမ်းရေးစာချုပ်အတွက် ဆွေးနွေးမည်

**တိုကျို အောက်တိုဘာ ၇**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ငြိမ်းချမ်းရေးစာချုပ်အတွက် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ရန် အတည်ပြုခဲ့သည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးမှုတွင် ပိုင်နက်နယ်မြေကိစ္စရပ်များ ပါဝင်မည်ဖြစ်သည်။

ကီရှီးဒါးသည် ဝန်ကြီးချုပ်ဖြစ်ပြီး ပထမဆုံးအကြိမ်အဖြစ် ပူတင်ကို အောက်တိုဘာ ၇ ရက်ညနေပိုင်းက ဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း ပူတင်က ပြောကြားခဲ့သည်။ အပြန်အလှန်အားဖြင့် ကီရှီးဒါးကလည်း ပူတင်၏မွေးနေ့အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

ကီရှီးဒါးသည် အပြန်အလှန်အကျိုးကျေးဇူးဖြစ်ထွန်းရန် ကိစ္စရပ်များအားလုံးတွင် နှစ်နိုင်ငံဆက်ဆံရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးပြီးသူ သန်း ၂၀ ကျော်ရှိလာ

**မနီလာ အောက်တိုဘာ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၀၁၉ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၃၂၈၈၁ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်)က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၁၀၉ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၃၉၉၃၇ ဦးအထိ ရှိလာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ရာဘင်ဒရာ အဘီရာဆင်ဟီက ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုများနှင့် တခြားကူးစက်ဖြစ်ပွားမှုဆိုင်ရာ မူရင်းဇာစ်မြစ်ကို ခြေရာခံနိုင်ရန် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်ရန် အစိုးရကို တိုက်တွန်းပြောကြားထားသည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း သန်း ၂၀ ကျော် ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

## အာဖရိက ဇန်ဇီဘာကျွန်း၌ ကြီးပြင်းခဲ့သော စာရေးဆရာ စာပေနိုဘယ်ဆုရရှိ

**အဒစ္စအဘာဘာ အောက်တိုဘာ ၇**

ဝတ္ထုစာရေးဆရာ အဗ္ဗဒူရာဇတ်ဂါနာအား ယခုနှစ်၏ စာပေနိုဘယ်ဆုရှင်အဖြစ် ကြေညာခဲ့သည်။

၎င်းအား ၁၉၄၈ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အရှေ့အာဖရိကကမ်းလွန်ရှိ ဇန်ဇီဘာကျွန်းတွင် ကြီးပြင်းခဲ့သည်။ ၎င်းသည် ၁၉၆၀ ပြည့်လွန် နှစ်များတွင် ဒုက္ခသည်အဖြစ် ဗြိတိန်သို့ ရောက်ရှိခဲ့သည်။

အသက် ၂၁ နှစ်တွင် စာများစတင်ရေးသားခဲ့သည်။ ၎င်း၏ ပထမဘာသာစကားသည် ဆွာဟီလီဖြစ်သော်လည်း အင်္ဂလိပ်လို ရေးသားခဲ့သည်။

ဝတ္ထုရှည် ၁၀ အုပ်နှင့် ဝတ္ထုတို အတော်များများ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၎င်း၏လက်ရာတွင် ဒုက္ခသည်များ၏ဘဝကို ထင်ဟပ်စေသည်။ မကြာသေးမီက အနားမယူမီအထိ ၎င်းသည် ကန်တာဘာရီရှိကန့်တက္ကသိုလ်၏ ကိုလိုနီခေတ်နှောင်းစာပေ ပါမောက္ခတစ်ဦးဖြစ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ဝတ္ထုစာရေးဆရာ အဗ္ဗဒူရာဇတ်ဂါနာ။

## ပါကစ္စတန်အနောက်ပိုင်း ဘလော်ချီစတန်ပြည်နယ်တွင် ငလျင်လှုပ်ခတ်ရာ ၂၀ ထက်မနည်း သေဆုံး

**အစ္စလမ္မာဘတ် အောက်တိုဘာ ၇**

ပါကစ္စတန်အနောက်တောင်ပိုင်း ဘလော်ချီစတန်ပြည်နယ်တွင် အောက်တိုဘာ ၇ ရက် အစောပိုင်းက ပြင်းအား ၅ ဒသမ ၉ အဆင့် ငလျင်တစ်ခုလှုပ်ခဲ့ရာ လူ ၂၀ထက်မနည်း သေဆုံးခဲ့ပြီး ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ပြည်ထဲရေးဝန်ကြီး မာရ်ဖူလာလန်ဂေါ့ဖ်က ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ကူညီပေးနိုင်ရန် ငလျင်ဒဏ်ခံ ပြည်နယ်ရှိ ဒေသများအားလုံးကို အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

ပြင်းထန်ဒဏ်ရာရသူများကို ကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်များကိုလည်း ငလျင်လှုပ်ခတ်မှု ဖြစ်ပွားရာနေရာသို့ ပို့ဆောင်ခဲ့ကြောင်း ဝန်ကြီးက ပြောသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားငလျင်စောင့်ကြည့်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁ မိနစ်တွင် ဟာနိုင်းပြည်နယ်အနီးကို ဗဟိုပြုပြီး မြေအောက်အနက် ၁၅ ကီလိုမီတာတွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကို ကွက်တာ၊ မက်စ်တန်၊ မွတ်စလင်ဘာ့၊ ကွီလာဆိုင်ဖူလာ၊ ဆီဘီနှင့် ပီရှင်အပါအဝင် ဒေသအတော်များများတွင် ခံစားခဲ့ရသည်။

ငလျင် လှုပ်ခတ်ပြီးနောက် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများရှိခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေး အဖွဲ့များသည် အခင်းဖြစ်ပွားရာ နေရာသို့ အလျင်အမြန် ရောက်ရှိလာကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ငလျင်ကြောင့် ဒဏ်ရာရရှိသူတစ်ဦးကို ရဟတ်ယာဉ်ပေါ်သို့ တင်ဆောင်လာသည်ကို တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၀-၂၀၂၁ သောကြာနေ့

### MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** MRTV Travelogue
**၀၈:၃၅** တစ်တိုင်းသီမီးမှုသည်
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'တတုဝေဒဘာသာရပ်'**
**၁၆:၃၅** လူငယ်ပန်းဥယျာဉ်အစီအစဉ်
**၁၇:၀၅** NHK အစီအစဉ် **'ဆောင်းရာသီပွဲတော်၊ ရှေးဟောင်းနာရာမြို့'**
**၁၇:၃၅** Weekly Sports Info
**၁၇:၅၀** သတိပြုကာကွယ်ခြင်း၊ ယင်အန္တရာယ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဝေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း'** (အပိုင်း-၁၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** **'ချစ်တေးဝေဒသာ သီတင်းကျွတ်ပဝါလ'** ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှု
**၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ညတောင့်'**

### mitv

**07:01** News
**07:27** Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:36** Traditional Customs of Holy Waso
**07:49** Welcome to the Southern most part of Myanmar
**08:00** Dance of Myanmar: Proud of Being a Myaung Zee (or) Hmong
**08:06** Secret Recipes by Gourmet Chefs (India)
**08:37** Htan Taw Drums (Part-II) "Dobat"
**08:53** Temple Stalls
**09:01** Up Against The Tide
**09:18** Gardener: King Orange Plantation
**09:32** Tray Art Products
**09:42** The Man and The Elephant (Part-II)
**10:01** Discovering Tribes: Taung Yoe (Their Life and Customs)
**10:32** Crickets: Seasonal Delicacy & Job Opportunity

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တစ်နိုင်တစ်ပိုင်ထန်းလျက်လုပ်ငန်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
နွံစိုတူပျော်မီးမြင့်မိုရ်ပွဲတော်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဩဇာသီးရဲ့အကျိုးကျေးဇူး
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ဝဥအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
နာခေါင်းပလွေမှုတ်ခြင်းအကြောင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးနုပ်မရမ်းပြားမွှန်ချက်
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သံလွင်မြစ်နံဘေးကဟိုလိန်းဓာတ်တော်စေတီ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
စာအတူတူဖတ်ကြရအောင်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ပူတာအိုသို့ခရီးသွားခြင်း

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၂)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငရဲအသုံးကုန်းတစ်ဝက်'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မြသဇင်အငြိမ့် ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် အောက်တိုဘာ ၇

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တင်ဆက်လျက်ရှိရာ "မြသဇင်အငြိမ့်" ဖျော်ဖြေပွဲကို အောက်တိုဘာ (၉) ရက်၊ စနေနေ့ ည (၈) နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို မြနန္ဒာမှ စီစဉ်ပြီး ရွှေပန်တျာဇော်လင်းထက် (ဆိုင်း) နှင့် စတားဗိုလ်လှိုင်း (မြန်မာ့အသံ ဆိုင်းဝိုင်းကြီး) တို့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး သဇင်မင်း၊ ရှေ့ထွက်မင်းသမီး မြနန္ဒာ၊ လူရွှင်တော်များ ဖြစ်ကြသည့် လှိုင်ဘွား၊ ဂျယ်လီ၊ ဒင်္ဂါးနှင့် ကြယ်မင်းတို့က ဖျော်ဖြေ တင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ (၁၃) ရက်၊ (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် အောက်တိုဘာ ၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၁၀-၂၀၂၁

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၃၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၂၅၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၂၀/၁၄၅၀ ကျပ် | ၁၄၇၀/၁၅၁၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၂၅/၁၄၆၀ ကျပ် | ၁၄၈၅/၁၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၂၅/၁၄၅၅ ကျပ် | ၁၅၀၀/၁၅၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၅/၁၄၉၅ ကျပ် | ၁၅၈၀/၁၆၀၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၉၆၅ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၇၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၄၈ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၃၁၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၇၆၅ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၀ . ၀၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၄ . ၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၀၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၇၀၀ | ၁၄၉၆၀၀၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၂၂၁၈၆ | ၇၀၉၉၅၂၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၃၀ | ၂၃၇၀၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၈၅ | ၁၇၄၂၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၉ | ၄၄၉၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

❑ *ကျောဖုံးမှ*

- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၆-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈,၇၂၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၃၉၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ (၇.၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၅၀,၄၃၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၄,၄၁၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၀၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၂၇,၉၄၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၀၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၇-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၆၉)ခု | (၆၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၅)ခု | (၁၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၈၄)ခု | (၁၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၄)ခု | (၇)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၇၇)ခု | (၁၈)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၆)ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၆၄)ခု | (၉၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၉၉၈)ခု | (၁,၁၇၉)ဦး |
| စုစုပေါင်း | (၁၈,၇၂၇)ခု | (၁,၃၉၄)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်၊ မြဝတီ ကုန်သွယ်ရေး စခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှယာဉ်စီးရေ နှစ်စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၂၁၉၀ နှင့် Oxygen Plant နှစ်ခု တင်သွင်းခဲ့သည်။ Oxygen Plant နှစ်ခုမှာ ရန်ကုန်မြို့နှင့် ကျုံဒိုးမြို့သို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

### ၇- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၄၉၁၈၅၆၅ | ၃၄၃၉၂၃၂၆ | ၇၂၇၇၁၀ |
| ၂။ | အိန္ဒိယ | ၃၃၈၉၄၃၁၂ | ၃၃၂၀၀၂၅၈ | ၄၄၉၈၈၃ |
| ၃။ | ဘရာဇီး | ၂၁၅၁၇၅၁၄ | ၂၀၅၅၄၉၃၆ | ၅၉၉၄၁၄ |
| ၄။ | ဗြိတိန် | ၈၀၀၆၆၆၀ | ၆၅၂၈၆၇၃ | ၁၃၇၂၉၅ |
| ၅။ | ရုရှား | ၇၆၉၀၁၁၀ | ၆၇၉၉၂၃၀ | ၂၁၃၅၄၉ |
| ၆။ | တူရကီ | ၇၃၂၇၃၁၇ | ၆၇၈၃၀၈၀ | ၆၅၃၇၃ |
| ၇။ | ပြင်သစ် | ၇၀၃၈၇၀၁ | ၆၈၁၇၇၇၅ | ၁၁၆၉၅၇ |
| ၈။ | အီရန် | ၅၆၇၄၀၈၃ | ၅၁၆၉၉၉၉ | ၁၂၂၀၁၂ |
| ၉။ | အာဂျင်တီးနား | ၅၂၆၃၂၁၉ | ၅၁၂၇၀၆၈ | ၁၁၅၃၇၉ |
| ၁၀။ | စပိန် | ၄၉၆၉၅၀၃ | ၄၇၉၄၃၄၇ | ၈၆၆၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၇- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၂၄၄၈၇ | ၄၀၅၄၂၄၆ | ၁၄၂၄၉၄ |
| ဖိလစ်ပိုင် | ၂၆၃၂၈၈၁ | ၂၄၇၈၆၁၆ | ၃၈၉၃၇ |
| မလေးရှား | ၂၃၀၃၈၃၇ | ၂၁၄၄၆၈၁ | ၂၆၉၈၁ |
| ထိုင်း | ၁၆၇၈၂၉၇ | ၁၅၅၁၈၅၇ | ၁၇၄၁၈ |
| ဗီယက်နမ် | ၈၂၂၆၈၇ | ၇၅၇၀၈၆ | ၂၀၀၉၈ |
| မြန်မာ | ၄၇၄၄၁၉ | ၄၂၇၉၄၁ | ၁၈၀၃၄ |
| ကမ္ဘောဒီးယား | ၁၁၄၁၄၈ | ၁၀၆၂၉၂ | ၂၄၄၁ |
| စင်ကာပူ | ၁၁၃၃၈၁ | ၈၉၁၁၀ | ၁၃၃ |
| လာအို | ၂၆၈၇၆ | ၂၀၄၆၀ | ၂၃ |
| ဘရူနိုင်း | ၈၂၆၂ | ၅၉၃၃ | ၆၂ |

# ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

ပူးတွဲ - ၁

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၃,၈၅၁,၀၈၁.၈** | **၂၅.၂** | **-၀.၈** | **၁၄,၁၉၆,၂၇၈.၈** | **၂၄.၉** | **၂.၅** |
| | ၁ | လယ်ယာ | ၉,၇၂၈,၄၉၄.၄ | ၁၇.၇ | -၁.၉ | ၉,၉၅၆,၀၇၀.၃ | ၁၇.၄ | ၂.၃ |
| | ၂ | သားငါး | ၄,၀၉၃,၀၃၆.၈ | ၇.၄ | ၂.၂ | ၄,၂၁၄,၄၃၆.၅ | ၇.၄ | ၃.၀ |
| | ၃ | သစ်တော | ၂၉,၅၅၀.၆ | ၀.၁ | -၂၂.၃ | ၂၅,၇၇၂.၀ | ၀.၁ | -၁၂.၈ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၉,၆၀၄,၄၆၈.၉** | **၃၅.၆** | **-၁၁.၆** | **၂၀,၄၅၃,၆၃၁.၃** | **၃၅.၈** | **၄.၃** |
| | ၁ | စွမ်းအင် | ၁,၄၅၈,၆၉၈.၈ | ၂.၇ | -၅.၈ | ၁,၄၁၅,၆၉၉.၅ | ၂.၅ | -၂.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၀၈,၀၉၅.၆ | ၀.၇ | -၁၉.၃ | ၄၄၆,၉၃၇.၁ | ၀.၈ | ၉.၅ |
| | ၃ | စက်မှုလက်မှု | ၁၄,၂၄၄,၈၅၅.၁ | ၂၅.၉ | -၁၀.၇ | ၁၄,၉၇၉,၂၀၉.၀ | ၂၆.၂ | ၅.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၇၁,၃၂၈.၂ | ၁.၂ | ၀.၃ | ၇၃၇,၃၂၄.၃ | ၁.၃ | ၉.၈ |
| | ၅ | ဆောက်လုပ်မှု | ၂,၈၂၁,၄၉၁.၂ | ၅.၁ | -၁၉.၁ | ၂,၈၇၄,၄၆၁.၄ | ၅.၀ | ၁.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၁,၆၀၄,၇၇၁.၃** | **၃၉.၂** | **-၉.၈** | **၂၂,၄၇၆,၁၇၆.၀** | **၃၉.၃** | **၄.၀** |
| | ၁ | ပို့ဆောင်ရေး | ၅,၂၃၈,၉၃၁.၄ | ၉.၅ | -၁၉.၆ | ၅,၅၄၅,၁၈၆.၁ | ၉.၇ | ၅.၈ |
| | ၂ | ဆက်သွယ်ရေး | ၁,၃၁၀,၁၀၇.၃ | ၂.၄ | ၅.၇ | ၁,၂၁၃,၃၄၉.၄ | ၂.၁ | -၇.၄ |
| | ၃ | ငွေရေးကြေးရေး | ၁၆၈,၁၈၃.၀ | ၀.၃ | -၁၉.၂ | ၁၈၉,၁၉၅.၁ | ၀.၃ | ၁၂.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၆၅၈,၇၉၉.၃ | ၃.၀ | ၀.၈ | ၁,၆၆၃,၉၂၈.၈ | ၂.၉ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၄၂၈,၁၈၈.၁ | ၂.၆ | -၁၀.၈ | ၁,၄၈၇,၆၀၁.၈ | ၂.၆ | ၄.၂ |
| | ၆ | ကုန်သွယ်မှု | ၁၁,၈၀၀,၅၆၂.၂ | ၂၁.၄ | -၇.၄ | ၁၂,၃၇၆,၉၁၄.၈ | ၂၁.၇ | ၄.၉ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၅,၀၆၀,၃၂၂.၀** | **၁၀၀.၀** | **-၈.၄** | **၅၇,၁၂၆,၀၈၆.၁** | **၁၀၀.၀** | **၃.၈** |

ပူးတွဲ - ၂

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၃,၄၅၅,၅၅၀.၇** | **၆၀.၈** | **-၇.၄** | **၃၄,၆၄၉,၉၁၀.၁** | **၆၀.၇** | **၃.၆** |
| | ၁ | လယ်ယာ | ၉,၇၂၈,၄၉၄.၄ | ၁၇.၇ | -၁.၉ | ၉,၉၅၆,၀၇၀.၃ | ၁၇.၄ | ၂.၃ |
| | ၂ | သားငါး | ၄,၀၉၃,၀၃၆.၈ | ၇.၄ | ၂.၂ | ၄,၂၁၄,၄၃၆.၅ | ၇.၄ | ၃.၀ |
| | ၃ | သစ်တော | ၂၉,၅၅၀.၆ | ၀.၁ | -၂၂.၃ | ၂၅,၇၇၂.၀ | ၀.၁ | -၁၂.၈ |
| | ၄ | စွမ်းအင် | ၁,၄၅၈,၆၉၈.၈ | ၂.၇ | -၅.၈ | ၁,၄၁၅,၆၉၉.၅ | ၂.၅ | -၂.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၀၈,၀၉၅.၆ | ၀.၇ | -၁၉.၃ | ၄၄၆,၉၃၇.၁ | ၀.၈ | ၉.၅ |
| | ၆ | စက်မှုလက်မှု | ၁၄,၂၄၄,၈၅၅.၁ | ၂၅.၉ | -၁၀.၇ | ၁၄,၉၇၉,၂၀၉.၀ | ၂၆.၂ | ၅.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၇၁,၃၂၈.၂ | ၁.၂ | ၀.၃ | ၇၃၇,၃၂၄.၃ | ၁.၃ | ၉.၈ |
| | ၈ | ဆောက်လုပ်မှု | ၂,၈၂၁,၄၉၁.၂ | ၅.၁ | -၁၉.၁ | ၂,၈၇၄,၄၆၁.၄ | ၅.၀ | ၁.၉ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၉,၈၀၄,၂၀၉.၁** | **၁၇.၈** | **-၁၂.၅** | **၁၀,၀၉၉,၂၆၁.၂** | **၁၇.၆** | **၃.၀** |
| | ၁ | ပို့ဆောင်ရေး | ၅,၂၃၈,၉၃၁.၄ | ၉.၅ | -၁၉.၆ | ၅,၅၄၅,၁၈၆.၁ | ၉.၇ | ၅.၈ |
| | ၂ | ဆက်သွယ်ရေး | ၁,၃၁၀,၁၀၇.၃ | ၂.၄ | ၅.၇ | ၁,၂၁၃,၃၄၉.၄ | ၂.၁ | -၇.၄ |
| | ၃ | ငွေရေးကြေးရေး | ၁၆၈,၁၈၃.၀ | ၀.၃ | -၁၉.၂ | ၁၈၉,၁၉၅.၁ | ၀.၃ | ၁၂.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၆၅၈,၇၉၉.၃ | ၃.၀ | ၀.၈ | ၁,၆၆၃,၉၂၈.၈ | ၂.၉ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၄၂၈,၁၈၈.၁ | ၂.၆ | -၁၀.၈ | ၁,၄၈၇,၆၀၁.၈ | ၂.၆ | ၄.၂ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၁,၈၀၀,၅၆၂.၂** | **၂၁.၄** | **-၇.၄** | **၁၂,၃၇၆,၉၁၄.၈** | **၂၁.၇** | **၄.၉** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၅,၀၆၀,၃၂၂.၀** | **၁၀၀.၀** | **-၈.၄** | **၅၇,၁၂၆,၀၈၆.၁** | **၁၀၀.၀** | **၃.၈** |

ပူးတွဲ - ၃

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၂၀၅,၇၀၃.၇ | ၂.၂ | -၅.၃ | ၁,၂၇၀,၀၄၀.၁ | ၂.၂ | ၅.၃ |
| ၂ | ကယားပြည်နယ် | ၁၇၆,၄၈၁.၆ | ၀.၃ | -၃.၂ | ၁၈၀,၀၂၇.၀ | ၀.၃ | ၂.၀ |
| ၃ | ကရင်ပြည်နယ် | ၁,၁၃၆,၂၃၈.၈ | ၂.၁ | -၁.၅ | ၁,၁၉၃,၇၅၈.၀ | ၂.၁ | ၅.၁ |
| ၄ | ချင်းပြည်နယ် | ၁၄၁,၃၆၆.၉ | ၀.၃ | -၂၄.၉ | ၁၄၂,၈၉၃.၁ | ၀.၂ | ၁.၁ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၈၆၈,၁၄၀.၂ | ၁၂.၅ | -၇.၅ | ၇,၂၀၇,၅၀၇.၀ | ၁၂.၆ | ၄.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၉၆၆,၆၄၃.၁ | ၃.၆ | -၄.၆ | ၂,၀၃၃,၈၂၅.၃ | ၃.၆ | ၃.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၂၅၈,၃၀၆.၀ | ၉.၅ | -၃.၅ | ၅,၄၈၅,၄၃၈.၄ | ၉.၆ | ၄.၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၃,၉၈၁,၄၄၇.၉ | ၇.၂ | -၁၁.၆ | ၄,၁၅၅,၅၇၇.၅ | ၇.၃ | ၄.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၁၈၀,၄၈၄.၁ | ၉.၄ | -၁၆.၅ | ၅,၃၀၂,၈၉၂.၂ | ၉.၃ | ၂.၄ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၄၅,၉၃၃.၉ | ၄.၃ | -၁.၉ | ၂,၄၅၈,၅၅၈.၉ | ၄.၃ | ၄.၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၂၂၉,၈၀၄.၂ | ၄.၀ | -၁၀.၄ | ၂,၂၃၉,၈၈၂.၆ | ၃.၉ | ၀.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၅၈၇,၃၂၂.၃ | ၂၄.၇ | -၁၁.၆ | ၁၄,၁၅၁,၅၇၁.၉ | ၂၄.၈ | ၄.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၃၆၃,၉၉၅.၆ | ၆.၁ | -၃.၈ | ၃,၄၅၂,၉၁၀.၉ | ၆.၀ | ၂.၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၆,၅၇၀,၅၈၃.၃ | ၁၁.၉ | -၃.၀ | ၆,၇၈၀,၇၆၃.၉ | ၁၁.၉ | ၃.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၀၄၇,၈၇၀.၄ | ၁.၉ | -၆.၁ | ၁,၀၇၀,၄၃၉.၃ | ၁.၉ | ၂.၂ |

ပူးတွဲ - ၄

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆,၆၃၂,၅၄၃.၁** | **၂၄.၀** | **၁၇,၆၀၉,၉၀၅.၃** | **၂၃.၆** | **၅.၉** |
| | ၁ | လယ်ယာ | ၁၁,၄၆၂,၃၃၇.၁ | ၁၆.၅ | ၁၂,၀၅၇,၈၄၈.၈ | ၁၆.၁ | ၅.၂ |
| | ၂ | သားငါး | ၅,၁၃၅,၂၃၃.၈ | ၇.၄ | ၅,၅၁၉,၂၇၂.၇ | ၇.၄ | ၇.၅ |
| | ၃ | သစ်တော | ၃၄,၉၇၂.၂ | ၀.၁ | ၃၂,၇၈၃.၈ | ၀.၁ | -၆.၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂၅,၉၁၃,၆၀၉.၁** | **၃၇.၂** | **၂၈,၆၇၃,၃၇၁.၀** | **၃၈.၂** | **၁၀.၆** |
| | ၁ | စွမ်းအင် | ၁,၅၉၁,၅၈၃.၆ | ၂.၃ | ၁,၈၀၈,၇၈၂.၀ | ၂.၄ | ၁၃.၆ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၀၁,၄၈၆.၃ | ၀.၇ | ၆၆၈,၃၁၁.၃ | ၀.၉ | ၃၃.၃ |
| | ၃ | စက်မှုလက်မှု | ၁၉,၂၂၀,၁၂၁.၄ | ၂၇.၆ | ၂၁,၀၆၉,၇၂၁.၁ | ၂၈.၁ | ၉.၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၉၀၉,၃၈၅.၈ | ၁.၃ | ၁,၁၉၈,၀၀၁.၈ | ၁.၆ | ၃၁.၇ |
| | ၅ | ဆောက်လုပ်မှု | ၃,၆၉၁,၀၃၂.၀ | ၅.၃ | ၃,၉၂၈,၅၅၄.၈ | ၅.၂ | ၆.၄ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၆,၉၉၂,၇၇၉.၀** | **၃၈.၈** | **၂၈,၆၀၉,၈၉၀.၆** | **၃၈.၂** | **၆.၀** |
| | ၁ | ပို့ဆောင်ရေး | ၆,၁၀၉,၄၃၂.၆ | ၈.၈ | ၆,၅၁၈,၁၆၅.၂ | ၈.၇ | ၆.၇ |
| | ၂ | ဆက်သွယ်ရေး | ၁,၁၀၆,၅၉၉.၄ | ၁.၆ | ၁,၀၁၉,၁၆၈.၂ | ၁.၄ | -၇.၉ |
| | ၃ | ငွေရေးကြေးရေး | ၁၆၃,၆၄၂.၅ | ၀.၂ | ၁၈၄,၀၈၆.၈ | ၀.၂ | ၁၂.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၇၉၈,၀၉၅.၈ | ၂.၆ | ၁,၈၀၃,၅၇၆.၂ | ၂.၄ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၈၁၆,၈၁၅.၇ | ၂.၆ | ၁,၉၅၁,၁၃၉.၃ | ၂.၆ | ၇.၄ |
| | ၆ | ကုန်သွယ်မှု | ၁၅,၉၉၈,၁၉၃.၀ | ၂၃.၀ | ၁၇,၁၃၃,၇၅၄.၉ | ၂၂.၉ | ၇.၁ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၆၉,၅၃၈,၉၃၁.၂** | **၁၀၀.၀** | **၇၄,၈၉၃,၁၆၆.၉** | **၁၀၀.၀** | **၇.၇** |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

ပူးတွဲ - ၅

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) တန်ဖိုး | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) တန်ဖိုး | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၄၂,၅၄၆,၁၅၂.၂ | ၆၁.၂ | ၄၆,၂၈၃,၂၇၆.၃ | ၆၁.၈ | ၈.၈ |
| | ၁ | လယ်ယာ | ၁၁,၄၆၂,၃၃၇.၁ | ၁၆.၅ | ၁၂,၀၅၇,၈၄၈.၈ | ၁၆.၁ | ၅.၂ |
| | ၂ | သားငါး | ၅,၁၃၅,၂၃၃.၈ | ၇.၄ | ၅,၅၁၆,၂၇၂.၇ | ၇.၄ | ၇.၅ |
| | ၃ | သစ်တော | ၃၄,၉၇၂.၂ | ၀.၁ | ၃၂,၇၈၃.၈ | ၀.၁ | -၆.၃ |
| | ၄ | စွမ်းအင် | ၁,၅၉၁,၅၈၃.၆ | ၂.၃ | ၁,၈၀၈,၇၈၂.၀ | ၂.၄ | ၁၃.၆ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၀၁,၄၈၆.၃ | ၀.၇ | ၆၆၈,၃၁၁.၃ | ၀.၉ | ၃၃.၃ |
| | ၆ | စက်မှုလက်မှု | ၁၉,၂၂၀,၁၂၀.၄ | ၂၇.၆ | ၂၁,၀၆၉,၇၂၁.၁ | ၂၈.၁ | ၉.၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၉၀၉,၃၈၅.၈ | ၁.၃ | ၁,၁၉၈,၀၀၁.၈ | ၁.၆ | ၃၁.၇ |
| | ၈ | ဆောက်လုပ်မှု | ၃,၆၉၁,၀၃၂.၀ | ၅.၃ | ၃,၉၂၈,၅၅၄.၈ | ၅.၂ | ၆.၄ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၁၀,၉၉၄,၅၈၆.၀ | ၁၅.၈ | ၁၁,၄၇၆,၁၃၅.၇ | ၁၅.၃ | ၄.၄ |
| | ၁ | ပို့ဆောင်ရေး | ၆,၁၀၉,၄၃၂.၆ | ၈.၈ | ၆,၅၁၈,၁၆၅.၂ | ၈.၇ | ၆.၇ |
| | ၂ | ဆက်သွယ်ရေး | ၁,၁၀၆,၅၉၉.၄ | ၁.၆ | ၁,၀၁၉,၁၆၈.၂ | ၁.၄ | -၇.၉ |
| | ၃ | ငွေရေးကြေးရေး | ၁၆၃,၆၄၂.၅ | ၀.၂ | ၁၈၄,၀၈၆.၈ | ၀.၂ | ၁၂.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၇၉၈,၀၉၅.၈ | ၂.၆ | ၁,၈၀၃,၅၇၆.၂ | ၂.၄ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၈၁၆,၈၁၅.၇ | ၂.၆ | ၁,၉၅၁,၁၃၉.၃ | ၂.၆ | ၇.၄ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၁၅,၉၉၈,၁၉၃.၀ | ၂၃.၀ | ၁၇,၁၃၃,၇၅၄.၉ | ၂၂.၉ | ၇.၁ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၆၉,၅၃၈,၉၃၁.၂ | ၁၀၀.၀ | ၇၄,၈၉၃,၁၆၆.၉ | ၁၀၀.၀ | ၇.၇ |

ပူးတွဲ - ၆

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) တန်ဖိုး | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) တန်ဖိုး | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၄၅၇,၃၉၄.၁ | ၂.၁ | ၁,၅၈၇,၁၇၉.၅ | ၂.၁ | ၈.၉ |
| ၂ | ကယားပြည်နယ် | ၂၁၇,၄၀၃.၃ | ၀.၃ | ၂၂၈,၃၇၁.၁ | ၀.၃ | ၅.၀ |
| ၃ | ကရင်ပြည်နယ် | ၁,၄၄၄,၂၄၅.၂ | ၂.၁ | ၁,၅၇၅,၉၃၁.၈ | ၂.၁ | ၉.၁ |
| ၄ | ချင်းပြည်နယ် | ၁၇၅,၈၂၉.၉ | ၀.၂ | ၁၈၃,၅၀၈.၃ | ၀.၂ | ၄.၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈,၈၀၂,၇၆၅.၃ | ၁၂.၆ | ၉,၆၃၄,၅၄၄.၄ | ၁၂.၉ | ၉.၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၄၆၅,၇၁၁.၂ | ၃.၅ | ၂,၆၃၉,၈၃၇.၄ | ၃.၅ | ၇.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆,၅၈၂,၆၄၀.၃ | ၉.၅ | ၇,၀၉၆,၁၄၄.၈ | ၉.၅ | ၇.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၁၂၂,၈၄၁.၀ | ၇.၄ | ၅,၅၇၀,၄၈၂.၄ | ၇.၄ | ၈.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၆၁၀,၆၇၆.၃ | ၉.၅ | ၆,၉၉၈,၅၂၄.၂ | ၉.၄ | ၅.၇ |
| ၁၀ | မွန်ပြည်နယ် | ၂,၉၆၉,၀၃၆.၄ | ၄.၃ | ၃,၂၁၆,၂၁၈.၂ | ၄.၃ | ၈.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၆၈၄,၈၁၁.၉ | ၃.၉ | ၂,၈၈၃,၄၄၀.၁ | ၃.၉ | ၇.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၇,၇၁၆,၁၇၂.၈ | ၂၅.၅ | ၁၉,၁၀၇,၉၄၇.၄ | ၂၅.၅ | ၇.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၂၂၂,၃၁၀.၆ | ၆.၁ | ၄,၄၄၂,၇၁၄.၇ | ၅.၉ | ၅.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၈၄၀,၉၈၄.၅ | ၁၁.၃ | ၈,၄၄၈,၈၄၆.၁ | ၁၁.၃ | ၇.၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၁၇,၁၀၈.၄ | ၁.၇ | ၁,၂၇၉,၄၇၆.၅ | ၁.၇ | ၅.၁ |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုး အဆင့် | အခွန်နှုန်း |
|---|---|---|---|
| | ( စ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၈၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၂၀ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၈၀ ကျပ် |
| | ( ဇ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၂၀၁ ကျပ်မှ ကျပ် ၉၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၄၀ ကျပ် |
| | ( ဈ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၄၀၁ ကျပ်မှ ကျပ် ၁၀၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၀၀၀ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၆၀၁ ကျပ်မှ ကျပ် ၁၁၈၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၃၆၀ ကျပ် |
| | ( ဋ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၈၀၁ ကျပ်မှ ကျပ် ၁၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၇၂၀ ကျပ် |
| | ( ဌ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၀၀၁ ကျပ်မှ ကျပ် ၁၄၂၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၂၃၀ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၂၀၁ ကျပ်မှ ကျပ် ၁၅၄၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၆၁၀ ကျပ် |
| | ( ဎ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၄၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁ ကျပ်မှ ကျပ် ၈၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၉၂ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၅၁ ကျပ်မှ ကျပ် ၁၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၀ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၀၁ ကျပ်မှ ကျပ် ၂၃၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၆၅ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၃၅၁ ကျပ်မှ ကျပ် ၃၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၅၃ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၁၀၁ ကျပ်မှ ကျပ် ၃၈၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၈၃၉ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး၃၈၅၁ ကျပ် မှ ကျပ် ၄၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၂၅ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး၄၆၀၁ ကျပ်မှ ကျပ် ၆၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၀၄ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး၆၁၀၁ ကျပ်မှ ကျပ် ၇၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၇၆ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး၇၆၀၁ ကျပ်မှ ကျပ် ၉၁၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၀၄၉ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး၉၁၀၁ ကျပ်မှ ကျပ် ၁၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၂၁ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး၁၁၅၀၁ ကျပ်မှ ကျပ် ၁၃၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၇၉ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၆၀၁ ကျပ်မှ ကျပ် ၁၆၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၂၄ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၆၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် လျှပ်စစ်ကားများမှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | ( ခ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် လျှပ်စစ်ကားများမှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | ( ဂ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် လျှပ်စစ်ကားများမှ အပ ၄၀၀၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

( ခ ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

( ဂ ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၆)**

**ကုန်သွယ်လုပ်ငန်းခွန်**

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေး အကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိ အမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်း ရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၃ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာအပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေးအမျိုးမျိုး(စပရေး၊ ကြွက်သတ်ဆေးများ မပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံး ဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့်ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက် ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများ မပါဝင်)။ |
| ၁၄ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၅ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၆ | အုန်းဆံချည်ခင်။ |
| ၁၇ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၈ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၁၉ | နိုင်ငံတော်အလံ။ |
| ၂၀ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ် အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန်စက္ကူများ (40 gsm မှ 80 gsm အတွင်းသာ)၊ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၂ | ပရဆေးများ။ |
| ၂၃ | အိမ်သုံးခြင်ဆေးအမျိုးမျိုး။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်း ကိရိယာတန်ဆာပလာများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါ ကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြား လူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများ အပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၆ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၇ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများ မပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၈ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၉ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၃၀ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၁ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၂ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၃ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၄ | လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့် တွဲဖက်၍ သော်လည်းကောင်း၊ စက်စွမ်းအားသီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သော ကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅) နှင့် (၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့်အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များ ပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အပိုင်း ၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**အခန်း(၁)**

**ရငွေများနှင့် သုံးငွေများ**

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား(၇)နှင့် (၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၂)**

**ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်**

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၈)အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်–

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

**အခန်း(၃)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်**

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၇) နှင့် (၈)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား(၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်း သုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၉)နှင့် (၁၀)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉)နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများ လုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့က မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

( ခ ) ပုဒ်မခွဲ(က)အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

(ဃ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄)နှင့် (၁၄) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ်ရန်ပုံငွေဟူသောစကားရပ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

( င ) ပုဒ်မခွဲ(ဃ)အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို နေပြည်တော်ကောင်စီ အစည်းအဝေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

( စ ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄)တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် ကိုဗစ်– ၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာအသုံးစရိတ်များအတွက် သုံးစွဲခွင့်ရှိသည်။

( ခ ) ပုဒ်မခွဲ(က)အရ ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ကိုဗစ်– ၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

## အပိုင်း ၆
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၉။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၁)နှင့် (၁၂)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁)နှင့် (၁၂) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၇
## နေပြည်တော်ကောင်စီ

၃၂။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၃။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၃) နှင့် (၁၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၈
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၆။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၅)နှင့် (၁၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း

## မွန်ဂိုလီးယားနိုင်ငံ

ဆုဝေ

> ❖ **မွန်ဂိုလီးယားနိုင်ငံသည် ရွေးကောက်ပွဲစနစ် အမျိုးမျိုး၊ ရွေးကောက်ပွဲအမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ပြီး ပါတီစုံယှဉ်ပြိုင်နိုင်သည့် နိုင်ငံရေးစနစ်ကို တည်ထောင်ခဲ့သည်။ ပြည်သူအများက တစ်ပါတီအုပ်ချုပ်မှုစနစ်ကို ဆန့်ကျင်ခဲ့ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် One Party Communist State စနစ် အဆုံးသတ်ခဲ့**

*(ယမန်နေ့မှအဆက်)*

### မဲဆွယ်စည်းရုံးခြင်း

မဲဆွယ်စည်းရုံးခြင်းသည် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၄ နာရီတွင် ပြီးဆုံးသည်။ မဲဆွယ်စည်းရုံးခြင်းကို ရုပ်မြင်သံကြားမှ အခကြေးငွေပေးပြီး ထုတ်လွှင့်နိုင်သည်။ မီဒီယာများမှတစ်ဆင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ ပြိုင်ဘက်ကိုယ်စားလှယ်လောင်းများကို မထိခိုက်စေဘဲ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ ပါတီတစ်ခုသည် မိမိယှဉ်ပြိုင်သည့် မဲဆန္ဒနယ်တွင် မဲပေးသည့်နေ့ ၂၄ နာရီ မတိုင်မီအထိ မဲဆွယ်နိုင်သည်။ အစိုးရပိုင်နေရာ၊ ဘာသာရေးအဆောက်အအုံများတွင် မဲဆွယ်စည်းရုံးခြင်းများကို တားမြစ်ထားသည်။

### မဲပေးခြင်း

ရွေးကောက်ပွဲနေ့ကို ရွေးကောက်ပွဲကျင်းပမည့်နှစ် ဇွန်လနောက်ဆုံးပတ် (အများပြည်သူ အလုပ်ပိတ်ရက်) တွင် ကျင်းပလေ့ရှိသည်။ ကော်မရှင်သည် ပုံမှန်မဟုတ်သောအခြေအနေ (သဘာဝဘေး၊ စစ်ပွဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော အခြေအနေများ)အရ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်။ ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသော အဖွဲ့အစည်းများသည် ရွေးကောက်ပွဲကို တရားမျှတမှုရှိပြီး ပွင့်လင်းမြင်သာစွာ ကျင်းပရမည်။ ပြည်နယ်များရှိ ခရိုင်များ၏ လူဦးရေပမာဏအပေါ်မူတည်၍ မဲရုံများသတ်မှတ်သည်။ မဲရုံတစ်ရုံတွင် ပျမ်းမျှအားဖြင့် မဲဆန္ဒရှင် ၂၀၀၀ ရှိသည်။ မဲပေးခြင်းသည် နံနက် ၇:၀၀ နာရီမှ ည ၂၀:၀၀ နာရီအထိဖြစ်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးများသည် ရွေးကောက်ပွဲနေ့ မတိုင်မီတစ်ပတ်အလိုတွင် (လျှို့ဝှက်မဲပုံး၊ ချိပ်ပိတ်မဲပုံးများ၊ မဲရေတွက်ရန် အထောက်အကူပြုပစ္စည်းများ) ကို ပြင်ဆင်သည်။ အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC) သည် မဲဆန္ဒရှင်ဦးရေအပေါ်မူတည်၍ မဲရုံအရွယ်အစား သတ်မှတ်ခြင်းကို ဆောင်ရွက်သည်။ မဲရုံဝန်ထမ်းသည် မဲရုံများစစ်ဆေးခြင်းနှင့် မဲပုံးများကို စစ်ဆေး၊ ချိပ်ပိတ်၍ မဲရုံစတင်ဖွင့်လှစ်ရမည်။ စောင့်ကြည့်လေ့လာသူများ၊ ကိုယ်စားလှယ်လောင်းများ၊ မီဒီယာများ စောင့်ကြည့်လေ့လာနိုင်သည်။ မဲရုံများတွင် ရဲတပ်ဖွဲ့မှ လုံခြုံရေးတာဝန်ယူထားရသည်။ အဆောက်အအုံတစ်ခုထဲတွင် မဲရုံများ အတူဖွင့်နိုင်သည်။ မဲရုံများတွင် မသန်စွမ်းမဲဆန္ဒရှင်များ မဲပေးရန်အတွက် မဲပေးရန်နေရာ အနည်းဆုံးတစ်ခု (သို့မဟုတ်) နှစ်ခုစီစဉ်ထားသည်။ မဲလက်မှတ်များသည် မဲဆန္ဒရှင်များမဲပေးရန် လွယ်ကူရှင်းလင်းနားလည်စေပြီး မဲပေးရန် ညွှန်ကြားချက်ကိုလည်း ဖော်ပြထားသည်။ လုံခြုံရေးကုတ်များ ထည့်သွင်းဖော်ပြထားသည်။ မဲလက်မှတ်ပေါ်တွင် အပိုင်းနှစ်ပိုင်း ပါဝင်သည်။ ခရိုင်အတွင်း ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်အမည်နှင့် ပါတီ (သို့မဟုတ်) ညွန့်ပေါင်း အဖွဲ့အမည်စာရင်းတို့ဖြစ်သည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များသည် မဲလက်မှတ်များကို အဖွဲ့ဝင်များရှေ့တွင်လက်ခံရယူသည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တက်ရောက်လာသော အဖွဲ့ဝင်များအားလုံး လက်မှတ်ရေးထိုးပြီး လက်ခံသည်။ ရွေးကောက်ပွဲနေ့ မဲရုံမဖွင့်မီ မဲပုံးများ စစ်ဆေးပြီးနောက် ကိုယ်စားလှယ်လောင်းများ၊ စောင့်ကြည့်လေ့လာသူများရှေ့မှောက်တွင် မဲဆန္ဒရှင်ဦးရေ၊ လက်ခံရရှိသည့် မဲလက်မှတ်အရေအတွက်၊ မဲလက်မှတ်ပါနံပါတ်အညွှန်းများကို ရှင်းလင်းဖတ်ကြားသည်။ မဲဆန္ဒရှင်များ၏ ID ကို စစ်ဆေးပြီးနောက် မဲလက်မှတ်စာရွက်ကို လက်မှတ်ထိုးပြီး ထုတ်ပေးသည်။ ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၊ စောင့်ကြည့်လေ့လာသူများ မဲရုံသို့လာရောက်လေ့လာနိုင်သည်။ မဲပေးရာတွင် လူကိုယ်တိုင်လာရောက် မဲပေးရမည်ဖြစ်ပြီး ကိုယ်စား မဲပေး၍မရပေ။ မဲရုံအတွင်း ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ခြင်း၊ မှတ်တမ်းတင်ခြင်းကို တားမြစ်ထားသည်။ မဲလက်မှတ်ပေါ်တွင် ဖော်ပြထားသည့် ညွှန်ကြားချက်အတိုင်း မဲပေးရသည်။ မှားယွင်းသွားပါက မဲဆန္ဒရှင်သည် မဲပုံးသို့မထည့်မီ ချက်ချင်းသတင်းပို့ရမည်။ မဲရုံအဖွဲ့ဝင်များသည် စစ်ဆေးသိမ်းဆည်းပြီး အသစ်ထုတ်ပေးရမည်။ မဲရုံသို့မဲပေးရန် လူကိုယ်တိုင်မလာနိုင်သော မဲဆန္ဒရှင်များသည် ဆေးလက်မှတ်အထောက်အထားဖြင့် တောင်းဆိုလာပါက မဲပေးသည့်နေ့ မတိုင်မီ ငါးရက်အတွင်း ချိပ်ပိတ်ထားသော မဲပုံးများ တင်ဆောင်ထားသော Mobile Ballot Box များတွင် ကြိုတင်မဲပေးနိုင်သည်။ မဲရုံတွင် တာဝန်ထမ်းဆောင်ရမည့် မဲရုံဝန်ထမ်းများသည်လည်း ကြိုတင်မဲပေးနိုင်သည်။

### စောင့်ကြည့်လေ့လာသူများ

စောင့်ကြည့်လေ့လာသူများသည် စောင့်ကြည့်လေ့လာရန် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မှတ်ပုံတင်ရသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ စောင့်ကြည့်လေ့လာနိုင်သည်။

### မဲရေတွက်ခြင်း

မဲရေတွက်ခြင်းကို မဲရုံပိတ်သိမ်းပြီးသည့် ၂၀:၀၀ နာရီ နောက်ပိုင်းမှစ၍ မီဒီယာများ၊ စောင့်ကြည့်လေ့လာသူများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ရေတွက်ရသည်။ အသုံးမပြုဘဲ ကျန်နေသော မဲလက်မှတ်များ၊ မှားယွင်းပေးမိ၍ လဲလှယ်ထားသည့် မဲလက်မှတ်များကို သီးခြားဖယ်ထားရသည်။ ထို့နောက် မဲရုံတွင်ရှိသော မဲဆန္ဒရှင်အရေအတွက်၊ မဲလာရောက်ပေးသောမဲဆန္ဒရှင်အရေအတွက်၊ ချိပ်ပိတ်ထားသော Mobile Ballot Box များရှိ မဲလက်မှတ်များ၊ ခိုင်လုံမဲ၊ ပယ်မဲများ၊ ကိုယ်စားလှယ်လောင်းများ၊ ပါတီများရရှိသော မဲရာခိုင်နှုန်းများကို ရေတွက်ရသည်။ ပါတီတစ်ခုထက် ပိုပေးထားသော မဲသည် ပယ်မဲဖြစ်သည်။ မဲရလဒ်များကို ရွေးကောက်ပွဲဌာနခွဲများတွင် အစည်းအဝေးထိုင် ဆွေးနွေးပြီးနောက် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရသည်။ မဲလက်မှတ်စာရွက်များကို လျှို့ဝှက်အဖြစ် ပြည်နယ်နှင့် ခရိုင်များတွင် သိမ်းဆည်းရသည်။ ခရိုင်ကော်မရှင်အဖွဲ့ခွဲများသည် ရရှိလာသော မဲများကို ရေတွက်ပြီးနောက် ၂၈ ရာခိုင်နှုန်း ကျော်လွန်ရရှိသော ကိုယ်စားလှယ်လောင်းများသည် ခရိုင်အတွက် သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာနှင့် တူညီနေပါက ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်ပြီး လျော့နည်းနေပါက အဆိုပါ ခရိုင်ခွဲတမ်းအတွက် ပြန်လည်ရွေးချယ်သည်။ ခရိုင်တွင် ရွေးကောက်ပွဲပြီးနောက် သုံးရက်အတွင်း ရွေးကောက်ပွဲရလဒ်များကို စိစစ်ပြီးနောက် နှစ်ရက်အတွင်း အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC) သို့ တင်ပြရသည်။ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ၁၄ ရက်အတွင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲက ဖြေရှင်းရမည်။ အထွေထွေရွေးကောက်ပွဲကော်မရှင် (GEC) သည် ခရိုင်ကော်မရှင်အဖွဲ့ခွဲများမှ ပေးပို့လာသော မဲရလဒ်များကို စုပေါင်းပြီး ပါတီများ၊ညွန့်ပေါင်းအစိုးရအဖွဲ့များကို နေရာများ ခွဲဝေပေးရသည်။ ရွေးကောက်ပွဲပြီးနောက် ၁၅ ရက်အတွင်း ထုတ်ပြန်ကြေညာရသည်။

### အပြစ်ပေးအရေးယူခြင်း

အပြစ်ပေးအရေးယူခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာစီရင်ခွင့်နှင့် စပ်လျဉ်း၍ တရားမဥပဒေ၊ သက်ဆိုင်ရာ ပြဋ္ဌာန်းဥပဒေများဖြင့် ဆုံးဖြတ်သည်။ ရွေးကောက်ပွဲဌာနခွဲများသည် မဲဆန္ဒရှင်များ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ မှတ်ပုံတင်ရာတွင် မှန်ကန်မှုမရှိခြင်း၊ စောင့်ကြည့်လေ့လာသူများ အနေဖြင့် သတ်မှတ်ချက်များ ချိုးဖောက်ခြင်းတို့နှင့် စပ်လျဉ်း၍ တိုင်ကြားချက်ရရှိသည်နှင့် တစ်ပြိုင်နက် နှစ်ရက်အတွင်း ဖြေရှင်းရသည်။ ခရိုင်သို့ အစီရင်ခံစာတင်သွင်းရသည်။ ခရိုင်သည် ရွေးကောက်ပွဲဌာနခွဲများမှ အစီရင်ခံစာရရှိပါက ချက်ချင်းဆောင်ရွက်ရသည်။ ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်း အငြင်းပွားမှုများကို ချက်ချင်းဆောင်ရွက်ရသည်။ ဆောင်ရွက်ပြီးနောက် သုံးရက်အတွင်း အစီရင်ခံစာတင်ရသည်။ မဲရလဒ်အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ၁၄ ရက်အတွင်း ဖြေရှင်းရသည်။ အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC)သည် ခရိုင်ကော်မရှင်မှ တင်ပြလာသော ကိစ္စများကို ဖြေရှင်းရသည်။ ပါတီ (သို့မဟုတ်) ညွန့်ပေါင်းအဖွဲ့များ မှတ်ပုံတင်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဖြေရှင်းရသည်။

### ၂၀၂၁ ခုနှစ် သမ္မတရွေးကောက်ပွဲ

၂၀၂၁ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၂၀၄၉၃၇၉ ဦး မှတ်ပုံတင်ထားသည်။ မဲပေးသူဦးရေမှာ ၁၂၁၅၀၆၃ ဦး၊ တရားဝင်မဲအရေအတွက်မှာ ၁၁၄၃၁၂၆ မဲ၊ ပယ်မဲ ၇၁၉၃၇ မဲ ဖြစ်သည်။ ယခင်ဝန်ကြီးချုပ် Ukhnaa Khurelsukh( Mongolian People’s Party –MPP) သည် ၆၈ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ပြီး သမ္မတရာထူးတာဝန်ယူခဲ့သည်။ အထွေထွေရွေးကောက်ပွဲကော်မရှင် (GEC) သည် ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲတွင် ကိုဗစ်ကာလဖြစ်၍ ကြိုတင်ကာကွယ်မှုများပြုလုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲတွင် အထူးရွှေ့လျားမဲရုံများကို ကိုဗစ်လူနာများအတွက် ထောက်ပံ့ပေးထားသည်။ မဲရုံဝန်ထမ်းများသည် လုံခြုံရေးအကာအကွယ် အပြည့်အစုံဝတ်ဆင်၍ တာဝန်ထမ်းဆောင်ကြသည်။ ရွေးကောက်ပွဲနေ့ မတိုင်မီ ရက် ၂၀ အလိုတွင် မဲဆန္ဒရှင်စာရင်းများကို အွန်လိုင်းမှ ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၆ ခုနှစ်မတိုင်မီ ပါလီမန်တွင် အမျိုးသမီး ပါဝင်မှုမှာ ၁၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် အမျိုးသမီးပါဝင်မှုမှာ ၁၇ ဒသမ ၁ ရာခိုင်နှုန်းတိုးမြင့်ခဲ့ပြီး အမျိုးသမီး ၁၃ ဦး ပါဝင်သည်။

### နိဂုံး

မွန်ဂိုလီးယားနိုင်ငံသည် ရွေးကောက်ပွဲစနစ် အမျိုးမျိုး၊ ရွေးကောက်ပွဲအမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ပြီး ပါတီစုံယှဉ်ပြိုင်နိုင်သည့် နိုင်ငံရေးစနစ်ကို တည်ထောင်ခဲ့သည်။ ပြည်သူအများက တစ်ပါတီအုပ်ချုပ်မှုစနစ်ကို ဆန့်ကျင်ခဲ့ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် One Party Communist State စနစ် အဆုံးသတ်ခဲ့သည်။ ပါလီမန် (The State Great Hural– Uisyn Ikh Khural ) တွင် ကိုယ်စားလှယ် ၇၆ နေရာဖြင့် ဖွဲ့စည်းထားပြီး ၄၈ နေရာကို ပါတီစုံမဲဆန္ဒနယ်များတွင် မဲဆန္ဒရှင်အများစု လာရောက်မဲပေးသည့်စနစ် (plurality vote in multi–member constituencies) ဖြင့် ရွေးချယ်ပြီး ၂၈ နေရာကို စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (closed–list proportional representation system) ဖြင့် ရွေးချယ်သည်။ အာဏာကို သမ္မတနှင့် ပါလီမန် (The State Great Hural – Uisyn Ikh Khural ) အကြား ခွဲဝေထားသည်။ ယခုလက်ရှိ မွန်ဂိုလီးယားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို နှစ်ကျော့ပြန်ရွေးကောက်တင်မြှောက်ခြင်းစနစ် (Two Round System – အနိုင်ရသော ကိုယ်စားလှယ်လောင်းသည် ဆန္ဒမဲအများစုကို အပြတ်အသတ်ရရှိမှသာ၊ တစ်နည်းအားဖြင့် ထောက်ခံမဲပေးသူ ၅၀ ရာခိုင်နှုန်းကျော်မှသာ အရွေးခံရမည်ဖြစ်သောစနစ်)ကို ကျင့်သုံးသည်။ ရွေးကောက်ပွဲများကို မွန်ဂိုလီးယားနိုင်ငံ အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC) မှ တာဝန်ယူ ကျင်းပသည်။ မွန်ဂိုလီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံအမြင့်ဆုံးဥပဒေဖြစ်ပြီး ရွေးကောက်ပွဲများကို မွန်ဂိုလီးယားနိုင်ငံ ရွေးကောက်ပွဲဥပဒေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်တွင်းဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ကျင်းပသည်။

Reference Books

1 An Overview of Contemporary Mongolian Politics (TurtDgtDh Jilnilr –National University of Mongolia)
2 LAW ON THE ELECTION OF THE STATE GREAT HURAL OF MONGOLIA
3 Mongolia: Political and Economic Status (Kerry Dumbaugh and Wayne M. Morrison, Specialists Foreign Affairs, Defense, and Trade Division)
4 ELECTORAL SYSTEM OPTIONS FOR MONGOLIA– Project on “Representation and Inclusiveness through Electoral Systems”( Professor Benjamin Reilly)
5 STATE OF DEMOCRACY IN MONGOLIA A DESK STUDY(Dr. Todd Landman Marco Larizza Claire McEvoy)

# သံတွဲမြို့နယ်၌ မိုးကြိုးပစ် နှစ်ဦး သေဆုံး

**နေပြည်တော် အောက်တိုဘာ ၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ အောက်တိုဘာ ၆ ရက်က မိုးကြိုးပစ်ခံရမှုကြောင့် စက်လှေပေါ်ရှိ လူနှစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ၊ တစ်ဦး ရေနစ်ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၃ နာရီက သံတွဲမြို့နယ် ဥယျာဉ်ကွင်း ကျေးရွာနေ ဦးသန်းရွှေ (၄၅ နှစ်) မောင်းနှင်ပြီး ဇနီးဖြစ်သူ မအေးအေးအောင်နှင့် (၂ နှစ်)သားအရွယ် တစ်ဦး၊ (၅ နှစ်)သားအရွယ် တစ်ဦးတို့ လိုက်ပါလာသော စက်လှေသည် သံတွဲမြို့မှ သံတွဲချောင်းအတိုင်း ပြန်လာစဉ် ကျောင်းတော် ကျေးရွာအနီး အရောက်၌ မိုးရွာသွန်းပြီး မိုးကြိုးပစ် ခံရမှုကြောင့် ဦးသန်းရွှေမှာ ရေထဲပြုတ်ကျပျောက်ဆုံး ခဲ့ကြောင်း၊ မအေးအေးအောင် နှင့် (၂ နှစ်) သားအရွယ် တစ်ဦးမှာ ဒဏ်ရာများရရှိ သေဆုံးခဲ့ပြီး (၅ နှစ်) သားအရွယ် တစ်ဦးမှာ ဒဏ်ရာများ ရရှိခဲ့သဖြင့် သံတွဲဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ(၆)လ ဘဏ္ဍာရေးနှစ်အတွင်း သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်သွားရန်အတွက် စိတ်ပါဝင်စားသည့် ပြည်တွင်းလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်း/ ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | ရန်အောင်မြင်ဆောင်(၂)ဆောင်အကြီးစားပြင်ဆင်ခြင်း | ၂ ဆောင် |
| | (၁၉၀'x၃၆'x၂၆') (ပျဉ်ခင်း၊ ပျဉ်ကာ အုတ်ကြွပ်မိုး | |
| | ၂-ထပ်ဆောင်) | |

